ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်

# ဒို့ကျေးရွာ ဂျာနယ်

အတွဲ - ၂၃၊ အမှတ် - ၁၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်၊ ကြာသပတေးနေ့။

Our Village Journal

## ကမ္ဘာ့အကောင်းဆုံး စွပ်ပြုတ်စာရင်းတွင် မြန်မာ့မုန့်ဟင်းခါး ပါဝင်

စာ - ၉ သို့



## ကလောမြို့နယ် သာမိုင်းခမ်း ကျေးရွာမှ ထွက်ရှိသည့် စတော်ဘယ်ရီမှ ဝိုင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

စာ - ၁၀ သို့



## လွတ်လပ်ရေး၏ အနှစ်သာရနှင့် နိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်




မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို တင့်တယ်စွာ ပိုင်ဆိုင်ခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် သွေးသားရင်းပမာ ချစ်ကြည်လေးစားကြလျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည်။

ထိုသို့နေထိုင်ခဲ့ကြရာမှာ ကိုလိုနီနယ်ချဲ့သမားများက သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် စာ - ၅ သို့

## မြန်မာနယ်စပ်ဒေသတွေမှာ ရာဇဝတ်ဂိုဏ်းတွေ ဘယ်လိုရောက်လာသလဲ

စာ - ၁၁ သို့

၂၀၂၆ ခုနှစ်တွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပမည် စာ - ၄ သို့

Thiamethaoxam နှင့် Clothianidin ပိုးသတ်ဆေးတို့အား သုံးစွဲရန် တားမြစ်ပိတ်ပင် စာ - ၆ သို့

ငွေစက္ကူအတု ခွဲခြားနိုင်သည့် နည်းလမ်းများ ဗဟိုဘဏ် အသိပေး စာ - ၇ သို့

တစ်ကိုယ်လုံးတွင် အပြာရောင်အဝိုင်းများပါသည့် အဆိပ်ပြင်းရေဘဝဲ စားသုံးမိပါက အသက်ဆုံးရှုံးနိုင် စာ - ၇ သို့

လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသို့ တင်သွင်းမည် စာ - ၉ သို့



## ၂၀၂၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် ရုပ်ရှင်ကား ၇၀ ကျော် စိစစ်အကဲဖြတ်ကြည့်ရှု

စာ - ၁၂ သို့







## ဆစ်ပိုးအန္တရာယ် ကြိုတင်ကာကွယ်

**စပါးဆစ်ပိုး** ကျရောက်မှုကို မြန်မာပြည် စပါးစိုက်ပျိုးရာဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး မိုးစပါး နှင့် နွေစပါး နှစ်မျိုးစလုံးမှာ ကျရောက်လေ့ရှိပါတယ်။ အမြဲမပြတ်ရေလျှံလေ့ရှိတဲ့ ရေနေပတ်ဝန်းကျင် များမှာ တွေ့ရှိနိုင်တာကြောင့် မိုးစပါးတွင် ဖျက်ဆီးမှုများသည့် ဖျက်ပိုးတစ်မျိုးလည်းဖြစ်ပါတယ်။ စပါးပြီး စပါး ဆက်တိုက် စိုက်ပျိုးသောဒေသများမှာ ဖျက်ပိုးကျရောက်မှု ပိုများတတ်ပြီး လက်ခံသီးနှံပင် အမြဲ မပြတ်ရှိခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ တစ်နှစ်လျှင် မျိုးဆက် နှစ်ဆက် မှ ခြောက်ဆက်အထိ ပွားများနိုင်ပါတယ်။

### *ကျရောက်သည့်အချိန်*

ပျိုးပင်ငယ်အဆင့်မှ ရင့်မှည့်ချိန်အထိ စပါးပင်သက်တမ်းတစ်လျှောက်တွင် ကျရောက်နိုင်ပါတယ်။

### *ဖျက်ဆီးပုံလက္ခဏာများ*

ပင်ပိုင်းကြီးထွားသည့်အဆင့်တွင် ကျရောက်ပါက လောက်ကောင်သည် ပင်စည်အတွင်း ဝင်ရောက် ဖျက်ဆီးမှုကြောင့် စပါးပင်အလယ်ရှိ ခေါင်ညွှန့်များ ဝါခြောက်လာပြီး သေသွားသည့် အူပုပ်လက္ခဏာ (Dead heart) ကို တွေ့ရမှာဖြစ်ပါတယ်။ ပင်ခြေတွင်လည်း စားသောက်ဖျက်ဆီးထားသော ပိုးဖောက် ဒဏ်ရာများရှိပြီး ပင်စည်ကို ခွဲကြည့်ပါက ပိုးမစင်နှင့် လောက်ကောင်များကို တွေ့နိုင်ပါတယ်။ အပင်ကို ဆွဲနုတ်ကြည့်ပါကလည်း အရင်းကနေ အလွယ်တကူ နုတ်ယူလို့ရမှာဖြစ်ပါတယ်။ အနှံထွက်သည့်အဆင့်တွင် ကျရောက်ပါက စပါးနှံများခြောက်ကုန်ပြီး အနှံဖြူများ ထောင်မတ်နေသော အနှံဖြူလက္ခဏာ (White ear-head) ကို တွေ့ရမှာဖြစ်ပါတယ်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

- စပါးဆစ်ပိုးကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်း ပိုးကျရောက်မှုရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးပြီး ဆစ်ပိုးဥမြုံများ တွေ့ရှိပါက လက်ဖြင့် ကောက်ယူဖျက်ဆီးပစ်ပါ။
- ကောက်ကွက်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ဖလံများကို စွဲဆောင်ဖမ်းယူရန်အတွက် မီးထောင်ချောက်ထွန်းပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုရှောင်ပါ။
- ရွှေ့ပြောင်းစိုက်ပျိုးပြီး (၂၈) ရက်သားမှ စတင်၍ စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီ (Trichogramma) လွှတ်ပေးပါ။
- ဓာတုပိုးသတ်ဆေးအနေဖြင့် Carbosulfan 20% EC ပါဝင်သော အမ်-ကာဘိုကို အညွှန်းပါအတိုင်း စနစ်တကျပက်ဖျန်းပေးပါ။






## အမ်-ကာဘို (Carbosulfan 20%EC)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး**

**အသုံးပြုရန်နှုန်းထား**

စပါး- တစ်ဧကလျှင် (၂၀၀-၃၀၀)စီစီနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ သုံးကြိမ်
- ဆေးဖျန်းခြားရက် (၁၄)ရက်
- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ
- တစ်ဧကလျှင် ရေ(၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ထားဝယ်လေဆိပ်ကို ကုန်တင်လေယာဉ်ကြီးများဆင်းနိုင်ရန် အဆင့်မြှင့်တင်

ထားဝယ်လေဆိပ်ကို ကုန်တင်လေယာဉ်ကြီးများဆင်းနိုင်ရန်အတွက် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်နေပြီဖြစ်ကြောင်း လေဆိပ်အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားသည်။

လက်ရှိအသုံးပြုနေသောထားဝယ်လေယာဉ်ကွင်းမှာ ပြေးလမ်းအရှည် ပေ ၁၂၀၀၀ နှင့် အကျယ်ပေ ၁၀၀ ရှိပြီး လေယာဉ်ကွင်း ဧရိယာစုစုပေါင်း ၃၆၄ ဒသမ ၆၇၇ ဧကခန့်ရှိကာ လေယာဉ်ရပ်နားရန် ပေ ၂၀၀ ကျော် အကျယ်ရှိ ကွင်းနှစ်ခုနှင့် ပေ ၆၀၀ x ၃၀၀ အကျယ်ရှိ ကွင်းတစ်ခုရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်း၌ ပြေးဆွဲနေသည့် လေယာဉ်ငါးစင်း တစ်ပြိုင်တည်း ရပ်နားနိုင်သည့်အပြင် လေယာဉ်ပြေးလမ်း၏ ခံနိုင်ဝန်မှာ ပေါင် ၈၇၃၀၀၀ ရှိသည့်အတွက်ပြည်တွင်းလေကြောင်းလိုင်းများတွင်အသုံးပြုနေသည့်လေယာဉ်အမျိုးအစား အားလုံးနှင့် နိုင်ငံတကာလေကြောင်းလိုင်းများတွင် အသုံးပြုနေသည့် Airbus 320 ကဲ့သို့သောလေယာဉ်များပါဆင်းသက်နိုင်ပြီး လက်ရှိတွင် Cargo လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန်အတွက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**“တစ်ဖက်ကို ၂၅ ပေစီ ချဲ့မယ်။ အကျယ်က ပေ ၁၅၀ ဖြစ်မှာပေါ့။ ခင်းတာက သုံးပေလောက်ခင်းမှာ။ ချဲ့တဲ့ဟာက တစ်ပေခွဲ နှစ်လွှာပေါ့။ အထူကတော့သုံးပေလောက်ပေါ့။ အဆောက်အအုံက အတိအကျတော့မထွက်သေးဘူး။ Design Estimate မထွက်သေးဘူး။ အင်နဲ့အားနဲ့တော့ လုပ်နေပါတယ်။ ကွန်ကရစ်ဖျော်တဲ့စက်တွေ ထောင်ထားပြီးပြီ။ ကွန်ကရစ် လောင်းဖို့အတွက် မြေကြီးတွေ တူးနေပြီ”**ဟု လေဆိပ်အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေဆိပ်အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်ခဲကုန်ကြမ်းရရှိရေးအတွက် အခက်အခဲအချို့ ရှိနေကြောင်းလည်း သိရသည်။

ထားဝယ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ပြီးပါက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ပြီး ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလာနိုင်သည့်အပြင် ထားဝယ်ဒေသတွင် အကောင်အထည်ဖော်မည့် ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍လည်း များစွာအကျိုးရှိလာနိုင်ကြောင်း သိရသည်။

“ထားဝယ်မှာ ထိုင်းနိုင်ငံသားတွေ စိတ်ဝင်စားတဲ့ ဘုရားတွေရှိတယ်။ အလှဆုံးကမ်းခြေတွေရှိတယ်။ ကျွန်းတွေလည်း ရှိတယ်။ ပေလီထက် အများကြီး လှတာတွေရှိတယ်။ ခရီးသွားတွေလည်း အများကြီး ဝင်လာနိုင်တယ်။ ဒေသအတွက် အများကြီး အကျိုးရှိလာမှာပေါ့။ ရေနက်ဆိပ်ကမ်းအတွက်လည်း အများကြီး အထောက်အကူဖြစ်တယ်။ အင်တာနေရှင်နယ်လေဆိပ်က မဖြစ်မနေလိုအပ်တာပေါ့။ အင်တာနေရှင်နယ်လေဆိပ်လို ဆိုဒ်အပြည့် လေဆိပ်တစ်ခုတော့ လိုအပ်တာပေါ့နော်။ ခရီးသွားလုပ်ငန်းအတွက်ရော၊ ပို့ကုန်၊ သွင်းကုန်အတွက်ရော အရေးပါတဲ့ လေဆိပ်တစ်ခု ဖြစ်လာမှာပေါ့” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

*ရွှေစင်*

# စစ်ကိုင်းနှင့် မန္တလေးရှိစက်ရုံများမှ ထုတ်လုပ်သည့် သံချောင်းလုံးများ အရည်အသွေးပြည့်မီရေး စစ်ဆေး

အိမ်ဆောက်ပစ္စည်းအဆင့်ထိ ထုတ်လုပ်နိုင်သည့် စစ်ကိုင်းနှင့် မန္တလေးမှ သံရည်ကျို၊ သံနန်းဆွဲစက်ရုံများကို လစဉ်စစ်ဆေးမှုများဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ပြောကြားသည်။

လက်ရှိတွင် **သံရည်ကျို၊ သံနန်းဆွဲစက်ရုံများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၁ ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၈၉ ရုံ စုစုပေါင်း ရုံပေါင်း** ၂၂၀ ရှိကာ အဆိုပါ စက်ရုံများအနက်



အိမ်ဆောက်ပစ္စည်း အဆင့်အထိ ထုတ်လုပ်နိုင်သည့် သံရည်ကျို၊ သံနန်းဆွဲစက်ရုံအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ခုနစ်ရုံရှိကြောင်း သိရသည်။


“အိမ်ဆောက်ပစ္စည်းအဆင့်ထိ လုပ်နိုင်တာက စစ်ကိုင်းမှာ နှစ်ရုံရှိတယ်။ မန္တလေးမှာ ခုနစ်ရုံရှိတယ်။ ရန်ကုန်မှာ ကိုးရုံရှိတယ်။ ရုံအားလုံးပေါင်း ၂၂၀ မှာ ဒီ ၁၈ ရုံကပဲ အထပ်မြင့်အဆောက်အအုံဖြစ်တဲ့ လေးထပ်အမြင့်လောက် ဆောက်နိုင်တဲ့သံချောင်းလုံးတွေ ထုတ်နိုင်တာဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ပြောကြားသည်။

အိမ်ဆောက်ပစ္စည်းအဆင့်ထိ ထုတ်လုပ်နိုင်သည့် စစ်ကိုင်း၊ မန္တလေးနှင့် ရန်ကုန်တို့မှ သံရည်ကျို၊ သံနန်းဆွဲစက်ရုံများမှထုတ်လုပ်နေသည့်သံချောင်းလုံးများကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သက်ဆိုင်ရာ တာဝန်ရှိသူများက လစဉ်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်းလည်းသိရသည်။

**“ငလျင်ဖြစ်ပြီးနောက်ပိုင်း လူတွေကလည်း အထပ်မြင့်ကြောက်တော့ အထပ်နိမ့်ပဲဆောက်တယ်။ ဆောက်ရင် ၁၈ ရုံက ထုတ်တာကို သုံးရတာဖြစ်တဲ့အတွက် ဒီရုံ (၁၈)ရုံကို လတိုင်းသွားစစ်တယ်။ လတိုင်းစစ်ပြီးတော့ သတ်မှတ်ထားတဲ့ စံနှုန်းနဲ့ ကိုက်ညီမကိုက်ညီ၊ ဆိုဒ်တွေက ၁၂ ကနေ ၂၅ အထိ မျိုးစုံထုတ်တာ၊ အဲဒီဆိုဒ်တွေက သတ်မှတ်ထားတဲ့ အရွယ်အစားပြည့်လား မပြည့်ဘူးလား။ ပြီးရင် ဒီဆိုဒ်က သုံးပေမှာရှိရမဲ့အလေးချိန် သတ်မှတ်ချက်ရှိလား၊ မရှိလား သွားစစ်တာ။ မည်သည့်ဆိုဒ်ကိုမဆို အမှတ်တံဆိပ်ကပ်ဖို့ကို လတိုင်းစစ်တယ်။ ဒါတွေနဲ့ မကိုက်ညီတာ မထုတ်ပါနဲ့၊ မရောင်းပါနဲ့ဆိုပြီး ပညာပေးစည်းရုံးနေတဲ့ကာလဖြစ်ပါတယ်”** ဟု ၎င်းက ဆက်လက်ပြောသည်။

*ရွှေစင်*

# ရန်ကုန်တွင် အိမ်အရောက်ပို့စနစ်ဖြင့် နှစ်ပတ်အတွင်း ဆန်အိတ်ပေါင်း ၃၄၀ ခန့် ရောင်းချနိုင်ခဲ့



ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ၂၄ ပြည်ဆန်အိတ်များ အိမ်အရောက်ပို့စနစ်ဖြင့် **နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ အိတ်ပေါင်း ၃၄၀ ခန့်ကို ရောင်းချနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၏ အချက်အလက်များအရသိရသည်။**

အဆိုပါစနစ်ဖြင့် ရောင်းချရာတွင် ဆန်အမျိုးအစား ခုနစ်မျိုးအနက် ရွှေဘိုပေါ်ဆန်း ၁၉၀ အိတ် အများဆုံးရောင်းချနိုင်ခဲ့ပြီး ရက် ၉၀ ဆန် ၅၉ အိတ်ဖြင့် ဒုတိယအများဆုံး ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ဧည့်မထဆန် ၂၄ အိတ်၊ ရောဝတီပေါ်ဆန်း ကျားပျံ (ဆန်သစ်) ၂၉ အိတ်၊ ရောဝတီပေါ်ဆန်း ကျားပျံ (ဆန်ဟောင်း) ၂၃ အိတ်၊ ရောဝတီပေါ်ဆန်း နယ်စုံ (ဆန်သစ်)ခြောက်အိတ်နှင့် ရောဝတီပေါ်ဆန်း နယ်စုံ (ဆန်ဟောင်း)ကိုးအိတ် စုစုပေါင်း ၃၄၀ အိတ်ကို အိမ်ထောင်စုအရေအတွက် ၂၆၇ ခုသို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စက်မှုဇုန်များနှင့် လူမှုရေးအသင်းအဖွဲ့များထံသို့ ပြီးခဲ့သည့် နိုဝင်ဘာလက ပေါ်ဆန်း ၁၀ ကီလိုဂရမ် ၅၂၀၄ အိတ်၊ ဧည့်မထ ၁၀ ကီလိုဂရမ် ၅၁၅၀ အိတ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

*စော*

# မန်းရွှေစက်တော်ဘုရားပွဲတော်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြည့်အဝ တာဝန်ယူပေးမည်

မန်းရွှေစက်တော်ဘုရားပွဲ၏ လုံခြုံရေးအတွက် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက အပြည့်အဝ တာဝန်ယူပေးမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင် ဦးအေးကိုက ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး ဧပြီလ ၁၇ ရက်အထိ ၈၆ ရက်ကြာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ဖွင့်ပွဲကတော့ တပို့တွဲ လဆန်း ၅ ရက်၊ (ဇန်နဝါရီလ ၂၂ ရက်) စမယ်။ မြန်မာနှစ်ဆန်းတစ်ရက် ဧပြီလ ၁၇ ရက်မှာပိတ်မယ်။ အခု မန်းချောင်းသောင်ပြင်ကို ပြင်တဲ့လုပ်ငန်းတွေ၊ ဘုရားကြီးနဲ့ပတ်သက်ပြီး ပြုပြင်မွမ်းမံရမယ့် လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဆိုင်ခန်းတွေဆိုရင်လည်း သတင်းစာမှာ ဆိုင်ခန်းလျှောက်လွှာတွေ၊ တည်းခိုဆောင်လေလံတွေကို ရောင်းဖို့ကြော်ငြာထားပါတယ်။ ဈေးနှုန်းကတော့ မနှစ်ကထက် လျှော့ဖို့ပဲ ရှိပါတယ်။ တိုးဖို့မရှိပါဘူး။ မနှစ်က တည်းခိုခတွေလည်း လေးသောင်းတို့ ခြောက်သောင်းတို့ပဲရှိတယ်။ ဈေးဆိုင်ခန်းတွေကလည်း တစ်ခန်းကို သုံးသိန်း၊ နှစ်သိန်း ရှိပါတယ်” ဟု ဦးအေးကိုက ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားသည်။

လက်ရှိတွင် ပွဲတော်ဖြစ်မြောက်ရေးအတွက် ဘုရားပွဲတော် မုခ်ဦးနှင့် ဖွင့်ပွဲအခမ်းအနားပြင်ဆင်ရန်၊ ဘုရားပွဲမြေနေရာ မန်းချောင်းသောင်ပြင်၊ ပြင်ဆင်ရေး၊ အဆောက်အအုံ၊ အထူးတံတား၊ ဈေးဆိုင်ခန်း၊ တည်းခိုဆောင်တွေ နေရာချထားရန်နှင့် ဆောက်လုပ်ရေး၊ ပွဲတော်နှင့်ပတ်သက်သော တင်ဒါ၊ လေလံခေါ်ယူရောင်းချရေးလုပ်ငန်းများ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေး၊ ဘုရားပွဲတော်လုံခြုံရေးစသည့် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှုများ



ပြုလုပ်နေကြောင်းလည်း သိရသည်။

**“ဒီနှစ်တော့ အခြားပွဲတော်အခြေအနေတွေကြည့်ရတာရောဆိုရင် များမယ်လို့တော့ မျှော်လင့်ရတာပေါ့ဗျာ။ မနှစ်က မလိုလားအပ်တဲ့ ကောလာဟလတွေကသာ အနှောင့်အယှက် ဖြစ်နေတာ။ တကယ့် တကယ်က အားလုံး အေးအေးချမ်းချမ်းပဲဆိုတော့ ဘုရားဖူးလာဖို့ ဖိတ်ခေါ်ပါတယ်။ စိတ်ချလက်ချလာပါ။ အားလုံးပဲ လမ်းခရီးရော၊ ဘုရားနယ်မြေမှာရော အေးအေး ချမ်းချမ်းပဲ ရှိပါတယ်။** လုံခြုံရေးကတော့ တပ်မတော်နဲ့ရဲ အကုန်လုံးအပြည့်အဝ တာဝန်ယူထားပါတယ်။ ဘာအနှောင့်အယှက်အဟန့်အတားမှ မရှိပါဘူး” ဟု ၎င်းက ဆက်လက်ပြောသည်။

*ရွှေစင်*

# မြန်မာ့လွတ်လပ်ရေးကို လူငယ်များ လေးစားတန်ဖိုးထားရမည်

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ လက်အောက်ကျရောက်ခဲ့သော်လည်း မြန်မာပြည်သူများသည် ကိုယ်ပိုင်အခွင့်အရေးနှင့် အမျိုးသားဂုဏ်သိက္ခာကို ထိန်းသိမ်းလိုစိတ်ကြောင့် ဆန့်ကျင်တိုက်ပွဲများကို မရပ်မနားလုပ်ဆောင်ခဲ့ကြသည်။ ကိုလိုနီခေတ်ကာလအတွင်း မြန်မာပြည်သူများသည် နိုင်ငံရေးအခွင့်အရေးများ ပိတ်ပင်ခံရခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ချုပ်ချယ်ခံရခြင်းနှင့် ယဉ်ကျေးမှုအပေါ် အလေးထားမခံရခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ထိုအခြေအနေများကြောင့် မျိုးချစ်စိတ်ဓာတ် ပြင်းထန်လာပြီး လွတ်လပ်ရေးကိုရရှိရန် ကြိုးပမ်းလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်သူရဲကောင်းများခေါင်းဆောင်၍ ကျောင်းသားများ၊ လယ်သမားများ၊ အလုပ်သမားများအပါအဝင် လူထုအလွှာအသီးသီးမှ နိုင်ငံရေးလှုပ်ရှားမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့်အတူ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရယူနိုင်ခဲ့သည်။ ထိုညီညွတ်မှုသည် မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးသော အင်အားတစ်ခုဖြစ်ခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့ခြင်းသည် မျိုးဆက်သစ်ပေါင်းများစွာတို့၏ တိုက်ပွဲဝင်ကြိုးပမ်းမှုများ၏ အကျိုးရလဒ်များကြောင့်ဖြစ်သည်။ လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံအတွက် ကိုယ်ပိုင်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့သည့်နေ့ဖြစ်သလို၊ လူမျိုးတစ်မျိုးလုံး၏ သတ္တိ၊ စွန့်လွှတ်မှုနှင့် ညီညွတ်မှုတို့ကို ကိုယ်စားပြုသော နေ့ထူးနေ့မြတ် တစ်နေ့လည်း ဖြစ်သည်။

ယနေ့ ကျွန်တော်တို့ အေးချမ်းစွာ နေထိုင်နိုင်ခြင်းတို့နှင့်အတူ မိမိတို့ဘာသာစကား၊ မိမိတို့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ မိမိတို့နိုင်ငံတော်အလံ၊ မိမိတို့နိုင်ငံအမည်ကို ဂုဏ်ယူစွာ အသုံးပြုနိုင်ခြင်းတို့သည် အလွယ်တကူ ရရှိလာခြင်းမဟုတ်ဘဲ မျိုးချစ်သူရဲကောင်းများ၏ အသက်၊ သွေး၊ ချွေးနှင့် အနာဂတ်ဘဝများဖြင့် လဲလှယ်ရယူခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ထိုလွတ်လပ်ရေး၏ တန်ဖိုးကို နားလည်သဘောပေါက်ရန်၊ ထိန်းသိမ်းကာကွယ်ရန်နှင့် တိုးတက်အောင် ဆက်လက်တည်ဆောက်ရန် အလွန်အရေးကြီးသည်။

အလားတူ ယနေ့ခေတ်လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်ကြသည်။ လွတ်လပ်ရေးနေ့ကို အားလပ်ရက်အဖြစ်သာ သဘောမထားဘဲ လွတ်လပ်ရေးနေ့သည် သမိုင်းကို သတိရစေသည့်နေ့၊ စွန့်လွှတ်မှုကို လေးစားရမည့်နေ့နှင့် အနာဂတ်အတွက် တာဝန်ယူရမည့်နေ့အဖြစ် သိမြင်ရမည်ဖြစ်သလို သမိုင်းကို သိရှိလေ့လာခြင်း၊ နိုင်ငံအပေါ် တာဝန်ယူစိတ်ရှိခြင်း၊ ပညာရေးကို အလေးထားခြင်း၊ စည်းကမ်း၊ စည်းမျဉ်းကို လိုက်နာခြင်း၊ ညီညွတ်မှုကို ထိန်းသိမ်းခြင်းတို့ဖြင့် လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် မိမိတာဝန်ကိုနားလည်ပြီး ကောင်းမွန်သော အကျင့်စာရိတ္တ၊ အသိပညာနှင့် ကြိုးစားမှုတို့ဖြင့် မိမိတို့ ဘဝကိုသာမက နိုင်ငံ့အကျိုးကိုပါ တိုးတက်အောင် အားထုတ်ကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပိုမိုတောက်ပလာမည်ဖြစ်သည်။

**၁၃၈၇ ခု၊ ပြာသိုလဆန်း ၁၄ ရက်နေ့။**

**စာတည်းမှူး**

ဒို့ကျေးရွာ ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး
မှတ်ပုံတင်အမှတ်(၀၀၈၁၅)
**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
**စာတည်းမှူး**
အောင်ဇော်ဦး
**စာတည်းများ**
စန္ဒာချစ်၊ စန္ဒာဌေး၊ ခင်မာဝေ
ကျော်တင့်(ရွှေခရမ်း)၊
ကိုဘုန်း
**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း
**မျက်နှာဖုံးဒီဇိုင်း**
ဝေဝေဖြိုးအောင်
**အတွင်းသရုပ်ဖော်**
လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်း၊
ရွှေကိုဦး၊ စိုးစံ
**ကွန်ပျူတာအဖွဲ့**
ဝေဝေဖြိုးအောင်၊ ခိုင်သဇင်
**ဆက်သွယ်ရန်**
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁၈-၃၈၄၈၁၃/ ၃၇၁၃၄၀
E-mail: iprd.productionn@
gmail.com
Facebook: DKY Journal
စောင်ရေ - ၁၉၆၆၁
၄၅၀ ကျပ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so–called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF"terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၆ ခုနှစ်တွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပမည်

NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များအရ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ၂၀၂၆ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ လူငယ်များအား ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းဆောင်ရွက်တတ်စေရန်နှင့် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် လူငယ်များကိုစုစည်း၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အယူအဆအတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က “Nation Building တွင် လူငယ်များကို ပါဝင်စေလိုကြောင်း၊ လူငယ်များအား ငြိမ်းချမ်းသည့်ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးလိုကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော်သည် လူငယ်များဖြစ်ကြောင်း၊ ကျောင်းနေအရွယ်လူငယ်များကိုစုစည်း၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အယူအဆ အတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။




မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်များ၊ နေရာဒေသနှင့် လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသော အနာဂတ်ကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသော အခန်းကဏ္ဍမှပါဝင်လာစေရန် လွန်စွာပင်အရေးကြီးသည့်အတွက် Youth Peace Forum 2026 ဆွေးနွေးပွဲကို မတူညီသော နောက်ခံအကြောင်းအရာနှင့် အလွှာအသီးသီးမှ လူငယ်များအတွက် ၎င်းတို့၏အမြင်များကို မျှဝေရန်၊ အပြန်အလှန်ယုံကြည်မှုခိုင်မြဲရန်၊ လူမှုသဟဇာတမြင့်တင်ခြင်းတွင် ၎င်းတို့၏ အခန်းကဏ္ဍကိုရှာဖွေရန်နှင့် ဘက်ညီသော အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပြုလုပ်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

*ငြိမ်းအိ*

*လွတ်လပ်ရေး၏ အနှစ်သာရနှင့် နိုင်ငံသားအားလုံး၏ ...* *မျက်နှာဖုံးမှ*



ဓာတ်ပုံ – google.com

မတရားကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် ဆင်နွှဲခဲ့၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ထိုဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို သွေးစည်းညီညွတ်စွာ တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် စစ်မှန်သောလွတ်လပ်ရေးကို ရရှိခဲ့သည်။ ယခုအခါ စိန်ရတုလွတ်လပ်ရေးကိုကျော်လွန်၍ (၇၈)နှစ်မြောက်သို့ တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးရသော အကြောင်းအရင်းများတွင် ခေတ်မီတပ်မတော် မရှိခြင်းကြောင့်ဟုဆိုလျှင် မမှားနိုင်ပေ။ လွတ်လပ်ရေးဆုံးရှုံးသွားသည့်အခါ ယခင်က ညီညွတ်နေခဲ့သော တိုင်းရင်းသားအချင်းချင်းကို နယ်ချဲ့အင်္ဂလိပ်တို့က သွေးခွဲအုပ်ချုပ်ခဲ့သည်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ တိုင်းရင်းသားအချင်းချင်း အထင်မှား ရန်ပွားအောင် သွေးခွဲခဲ့ကြသည်။ ထိုအကျိုးဆက်များကြောင့် ယခုတိုင် မငြိမ်းချမ်းခြင်း၏ ဆိုးကျိုးများကို ခံစားနေရဆဲဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့တို့အား ရရာလက်နက်များဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း လူအင်အားနှင့် ခေတ်မီလက်နက်အင်အား မယှဉ်သာခြင်း၊ တစုတစည်းတည်း စုပေါင်းတော်လှန်မှုမရှိခြင်း၊ စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် အမြဲတမ်းတပ်မတော်တစ်ရပ် မရှိခြင်း စသည့်အားနည်းချက်များကြောင့် ၁၈၉၆ ခုနှစ်ခန့်မှစ၍ မြန်မာတို့၏ တွန်းလှန်တိုက်ခိုက်မှုများသည် အင်အားချည့်နဲ့ခဲ့ရသည်။ သို့သော် ၁၉၀၆ ခုနှစ်မှစ၍ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ကြသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ကို မြန်မာအမျိုးသားတို့က စတင်တည်ထောင်ခဲ့ပြီး ဝံသာနုရက္ခိတစိတ်ဓာတ်များ မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားရေးလှုပ်ရှားမှုကို အခြေခံသည့် ပထမကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့ပြီး နောင်တွင် မြန်မာ့လွတ်လပ်ရေး၏ အမြုတေဖြစ်သော ကိုအောင်ဆန်းနှင့် ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမားအရေးတော်ပုံတို့သည် နယ်ချဲ့တို့၏အုပ်ချုပ်မှုကို ချောက်ခြားစေသော အမျိုးသားရေးလှုပ်ရှားမှုများဖြစ်ခဲ့သည်။ မိမိတို့ရပ်ရွာအလိုက်၊ ဒေသအလိုက် အမျိုးသားရေးလှုပ်ရှားမှုများ၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဟူသော ကြွေးကြော်သံသည် ပွဲတင်ထပ်ခဲ့သည်။

ထို့အပြင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ အထင်ရှားဆုံးအဖွဲ့အစည်းဖြစ်သည့် တို့ဗမာအစည်းအရုံးကို ၁၉၃၀ ပြည့်နှစ်၊ မေလ(၃၀)ရက်နေ့တွင် သခင်ဘသောင်းက စတင်တည်ထောင်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ “ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကိုချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ” ဟူသည့်ကြွေးကြော်သံမှာမြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအတွက် တိုက်ပွဲခေါ်သံဖြစ်ခဲ့သည်။ တို့ဗမာအစည်းအရုံးသည် နိုင်ငံရေးခေါင်းဆောင် အများစုကိုသာမက မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) ခေါင်းဆောင်များဖြစ်လာမည့် ရဲဘော်သုံးကျိပ်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ စည်းရုံးရေးဟောပြောပွဲများတွင် ဝိုင်အမ်ဘီ ဆရာတင် ရေးသားစပ်ဆိုသည့် “တို့ဗမာသီချင်း”ကို သီဆိုပြီး စည်းရုံးခဲ့ကြသည်။ တို့ဗမာသီချင်း၏ တက်ကြွဖွယ်စာသားများသည် မြန်မာတိုင်းရင်းသားတို့၏ နှလုံးအိမ်ကိုလှုပ်နှိုးခဲ့ပြီး မြန်မာတစ်မျိုးသားလုံး၏ တစ်ခုတည်းသော ပန်းတိုင်မှာ လွတ်လပ်ရေးပင်ဖြစ်သည်ဟူသော အသိစိတ်ဓာတ်ကို နိုးထလာစေခဲ့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာ(၁)ရက်နေ့တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားရာ မြန်မာ့လွတ်လပ်ရေးအတွက် “အင်္ဂလိပ်အခက် ဗမာ့အချက်” ဟူသည့် ကြွေးကြော်သံဖြင့် တပ်လှန့်ခဲ့သည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ပညာသင်ကြားရန် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ (၈)ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာလာခဲ့သည်။ နောင်တစ်ချိန်တွင် ရဲဘော်သုံးကျိပ်အဖြစ် ထင်ရှားလာမည့် တို့ဗမာအစည်းအရုံးဝင် လူငယ်(၃၀)ဦးကို လေးသုတ်ခွဲခြားခေါ်ယူ၍ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူခဲ့ကာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာ့လွတ်လပ် ရေးတပ်မတော်(BIA)သည် ယနေ့ တပ်မတော်၏ အစဖြစ်သည်။ ရဲဘော်သုံးကျိပ်သည် ဂျပန်တို့၏ စစ်ရေးအကူအညီကိုရယူကာ ပြည်သူတစ်ရပ်လုံး၏အင်အားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို ထိုးစစ်ဆင်တိုက်ထုတ်ခဲ့ကြသည်။ သို့သော် ရွှေရည်စိမ်လွတ်လပ်ရေးကိုသာရခဲ့သည်။

ပြည်သူတစ်ရပ်လုံး၏ စုပေါင်းပါဝင်မှုဖြင့် ဖက်ဆစ်ဂျပန်ကို တစ်ပြည်လုံးအတိုင်းအတာနှင့် တော်လှန်ရန် ၁၉၄၅ ခုနှစ် မတ်လ (၂၇)ရက်နေ့ကို သတ်မှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တို့ မြန်မာ့မြေမှ ဆုတ်ခွာခဲ့ပြီးနောက် နယ်ချဲ့ဗြိတိသျှတို့က ပြန်လည်ဝင်ရောက်လာကြပြန်သည်။ နယ်ချဲ့တို့၏ မြန်မာပြည်အုပ်ချုပ်ရေးအတွက် ရေးသားထားသည့် စက္ကူဖြူစာတမ်းကို နေသူရိန်လူထုအစည်းအဝေးကြီးက ကန့်ကွက်ခဲ့ပြီး တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ နယ်ချဲ့တို့သည် တောင်တန်းနှင့်ပြည်မကို သွေးခွဲခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွ ရယူလိုကြောင်း ပင်လုံစာချုပ်ချုပ်ဆို၍ သက်သေပြခဲ့ကြသည်။ ပင်လုံစာချုပ်သည် မြန်မာတစ်ပြည်လုံး လွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။

မြန်မာတစ်မျိုးသားလုံး၏ စုစည်းညီညွတ်မှုကြောင့် နယ်ချဲ့တို့သည် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအက်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအင်အားကြီးမားမှု၊ ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်မှုတို့ကြောင့် လွတ်လပ်ရေး ပန်းတိုင်သည် နီးသည်ထက် နီးကပ်လာခဲ့သည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရတော့မည်ဟု သိရှိထားချိန် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ လုပ်ကြံခံခဲ့ရသည်။ မြန်မာပြည်သူတို့အတွက် အစားထိုး၍ မရနိုင်သော ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရသည်။

သို့သော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မလျှော့သောအားမာန်၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ဆက်လက်ကြိုးပမ်းခဲ့ရာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာပြည်သည် လွတ်လပ်ရေးရရှိခဲ့သည်။ ယူနီယံဂျက် အလံကားမြေသို့သက်၍ ပြည်ထောင်စုအလံတော်ကား လွတ်လပ်စွာ တိုင်ထိပ်သို့ ကြွားကြွားဝင့်ဝင့် လွင့်တင်ခဲ့သည်။ ထိုအလံတော်သည် လွတ်လပ်ခြင်း၏ အနှစ်သာရဖြစ်သော နိုင်ငံတော်၏ အသက် နိုင်ငံတော်၏ ဖွားဖက်တော်ပင်ဖြစ်သည်။ ပြည်သူတို့၏ ဖွဲ့သတ္တိနှင့် စည်းလုံးညီညွတ်မှုသည် ဤအလံတွင် အပြည့်ပါရှိသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်း အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိလက်ဝယ်ရရှိပြီးသော လွတ်လပ်ရေးကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းထားဖို့လိုသည်။ လွတ်လပ်သော လူမျိုးတစ်မျိုး၏ တာဝန်မှာ လွတ်လပ်ရေးနှင့် ထိုက်တန်အောင် စည်းနှင့်ကမ်းနှင့် အသိဉာဏ်ပညာနှင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာမည့် ပြည်တွင်းပြည်ပအဖျက်ရန် မှန်သမျှကိုလည်း အမြဲတစေ သတိထား၍ ရှင်းလင်းသုတ်သင်နေရမည်ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားသူ နိုင်ငံသားအားလုံးသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို သမိုင်းပေးတာဝန် တစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပေသည်။

*ငွေလရောင်*

# ရန်ကုန်ရှိ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချရန် တိုက်တွန်း

ရန်ကုန်ရှိ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန် လိုကြောင်း ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုက်တွန်းပြောကြားခဲ့သည်။



ယာယီသမ္မတသည် ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း ယာယီသမ္မတက ဆိုသည်။

**မြို့ပေါ်နေ ပြည်သူများအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့် စားသောက်ကုန်ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်**ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုမျှတမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိုက်သင့်သလောက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းလည်း ဆိုသည်။

ထို့ပြင် **ရန်ကုန်တွင်ရှိသည့် မြေလွတ် မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန်လိုကြောင်း**လည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ဒေသတွင်း စားသောက်မှု ဖူလုံရေး ဆောင်ရွက်သွားရန်နှင့် လူတန်းစားမရွေး စားသောက်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ထပ်မံတိုက်တွန်းပြောကြားခဲ့သည်။

*ခွန်*

# Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးတို့အား သုံးစွဲရန် တားမြစ်ပိတ်ပင်

အဆိပ်ရှိပစ္စည်းများ ဖြစ်သော Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးတို့အား သုံးစွဲရန် မသင့်ဟု ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

ဓာတ်ကြွင်းအာနိသင်များသည့် ပိုးသတ်ဆေးများကို စီမံထိန်းချုပ်ဆောင်ရွက်ရေးအတွက် အဆိပ်ရှိပစ္စည်း နှစ်မျိုးဖြစ်သော Thiameth – oxam နှင့် Clothianidin ပိုးသတ်ဆေးများကို လယ်ယာထွက်ကုန်များတွင် ဓာတ်ကြွင်းကင်းစင်စေရေး ဆောင်ရွက်ရန်အလို့ငှာ ပိုးသတ်ဆေးဥပဒေပုဒ်မ (၈) အရ စပါး၊ ပဲတီစိမ်း၊ မတ်ပဲ အများဆုံးစိုက်ပျိုးသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း သုံးစွဲခြင်းကို **၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ နှစ်နှစ်ကာလအထိ တားမြစ်ပိတ်ပင်သော ပိုးသတ်ဆေးများအဖြစ် သတ်မှတ်**လိုက်သည်။

ယင်းပိုးသတ်ဆေးများကို တားမြစ်ပိတ်ပင်ထားသည့် နှစ်နှစ်ကာလအတွင်း အထက်ပါနေရာများတွင် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းကို ခွင့်မပြုဘဲ လိုက်နာခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

*ထက်ဦးမောင်*

# လာမည့်နှစ် ပထမ သုံးလကာလအတွင်း လွန်ကဲမိုးရွာသွန်းမှုမရှိဘဲ ပုံမှန်အနေအထား ဖြစ်နိုင်

လာမည့်နှစ် ပထမ သုံးလကာလအတွင်း လွန်ကဲ မိုးရွာသွန်းမှုမရှိဘဲ ပုံမှန်အနေအထား ဖြစ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

လာမည့်နှစ် နှစ်ဆန်းပိုင်းတွင် တောင်သူလယ်သမားများအတွက် မိုးလေဝသအခြေအနေနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ ၎င်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

"မိုးကတော့ ပုံမှန်အနေအထားလောက်ပဲရမယ်။ ရွာသွန်းမြဲအတိုင်းပေါ့လေ။ ကျွန်တော်ပြောတာတော့ ၂၀၂၆ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်ပေါ့နော်။ **မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွေ မိုးနည်းမယ်။ ကျန်တဲ့နေရာတွေတော့ ပုံမှန်ရွာသွန်းမှုပေါ့။ ပုံမှန်ရွာသွန်းတယ်ဆိုတာ များများစားစားတော့ မရှိဘူးပေါ့**" ဟု ဦးလှထွန်းက ဆိုသည်။

ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ အားအနည်းငယ်ရှိသော လာနီညာ ရှိနေမည် ဖြစ်သော်လည်း အပူရှိန် အနေဖြင့် အလွန်အေးမည့် အခြေအနေမရှိကြောင်းလည်း ၎င်းက ဆိုသည်။

"ပုံမှန်ရာသီဥတု အနေအထားလောက် ရှိနိုင်တယ်ပေါ့။ လွန်ကဲတဲ့ မိုးရွာသွန်းမှုတွေ ဘာတွေ မရှိဘူးလို့ ခန့်မှန်းထားတာပေါ့" ဟု ၎င်းက ဆိုသည်။ သို့သော် ယင်းသုံးလတာ ကာလအတွင်း မိုးသီးကြွေခြင်းကို ဂရုပြုရမည် ဖြစ်ကြောင်းလည်း ဦးလှထွန်းက ဆိုသည်။ "များသောအားဖြင့် မိုးသီးကြွေတာပေါ့။ ဒါတွေကတော့ နှစ်တိုင်းလိုလို ဖြစ်နေကျဆိုတော့ အဲဒါလေးတွေတော့ သတိပြုရမယ်" ဟု ၎င်းက ပြောသည်။

*ထက်ဦးမောင်*



# ခရမ်းချဉ်သီး အဝင်နည်းသော်လည်း ဝယ်လိုအား မြင့်တက်နေ

ပြည်တွင်း ကုန်စိမ်းဈေးကွက်အတွင်း ခရမ်းချဉ်သီး အဝင်နည်းသော်လည်း ဝယ်လိုအားမြင့်တက်နေကြောင်း ကုန်သည်များနှင့် ပွဲရုံများထံမှ သိရသည်။

ရှမ်းတောင်ဒေသမှာ ခရမ်းချဉ်သီး အထွက်နှုန်းလျော့ကျပြီး လက်ရှိပြည်မအတွင်း ခရမ်းချဉ်စိုက်ခင်းများသည်လည်း ခူးဆွတ်ချိန် မရောက်သေးသည့်အတွက် ရောင်းလိုအားနှင့် ဝယ်လိုအား မမျှခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

လက်လီ ဈေးကွက်အတွင်း ကိုင်းသီး (ခေါ် )ကျားခြေရာသီး (ခေါ် )ဗမာသီးက တစ်ပိဿာလျှင် ၁၂၀၀၀ ကျပ်အထိ ဈေးပေါက်နေပြီး ပုံမှန်ခရမ်းချဉ်သီးက တစ်ပိဿာလျှင် ၈၀၀၀ ကျပ်အထိ ဈေးပေါက်နေကြောင်း သိရသည်။

**"ရှေ့လတွေတုန်းက အရင်းမရလို့ အကုန်လွှင့်ပစ်လိုက်ရတဲ့ အဆင့်ရောက်ခဲ့ရတယ်။ အဲဒါပြီးမှ အဝယ်ပြန်လိုက်လာတဲ့အခါကျတော့ ခရမ်းချဉ်သီးက မရှိတော့ဘူး။ ခရမ်းချဉ်သီးက လိုချင်သူများတော့ လေလံဆွဲသလိုဖြစ်ပြီး လိုချင်သူတွေက ဈေးလိုက်ရင်း တက်သွားတာ။** အဓိက ပစ္စည်းအဝင်နည်းလို့ပါ။ တောင်ပေါ်ဒေသက အထွက်နှုန်းလျော့ကျပြီး နည်းသွားတယ်။ ပြည်မကလည်း မထွက်သေးဘူးဆိုတဲ့အခါကျတော့ လက်ကျန် ခရမ်းချဉ်သီးကို ဝိုင်းဆွဲကြတော့ အဲဒီမှာ ဈေးထိုးတက်သွားတာပေါ့။ ကျားခြေရာသီး၊ ကိုင်းသီးလို့လည်း ခေါ်တယ်။ သူက မုံရွာဘက်က ထွက်တာများတယ်။ ရှမ်းတောင်က နည်းတယ်။ အင်းလေးမှာ စိုက်ပေမယ့် ပြည်မထက်တော့ နည်းပါတယ်။ အထွက်နှုန်းနည်းပြီး ဝယ်လိုအားများလို့ ဈေးတက်တာပါ"ဟု အောင်ပန်းမြို့ခံ ကုန်စည်အမျိုးမျိုးရောင်းဝယ်ရေးက ကိုစနေမောင်မောင်က ပြောသည်။

လက်ရှိတွင် ခရမ်းချဉ်စိုက်ခင်း လက်ကျန်ရှိသည့် တောင်သူများမှာ ခရမ်းချဉ်သီး ဈေးနှုန်းမြင့်တက်လာသောကြောင့် အကျိုးအမြတ်ရရှိနေကြောင်း သိရသည်။

"ခရမ်းချဉ်က ဒီဇင်ဘာကုန်လောက်အထိတော့ တက်နိုင်တယ်။ ဒီအခု ခရမ်းချဉ်သီး လက်ကျန်သမားကတော့ ကိုက်တာပေါ့။ ရှေ့လက ရောင်းပြီးသူနဲ့ လွှင့်ပစ်ခဲ့ရသူတွေကတော့ မျက်ရည်နဲ့ပေါ့၊ အရှုံးပေါ့လေ" ဟု ၎င်းက ဆက်ပြောသည်။

လွန်ခဲ့သော ဩဂုတ်လအတွင်းက ခရမ်းချဉ်သီး တစ်ပိဿာလျှင် ရာဂဏန်းအထိ ဈေးနှုန်းကျဆင်းခဲ့သောကြောင့် ရှမ်းတောင်ရှိ ခရမ်းချဉ်စိုက်တောင်သူတွေအနေဖြင့် ခရမ်းချဉ်သီးများ လွှင့်ပစ်ရသည်အထိ အရှုံးဖြင့် ကြုံတွေ့ခဲ့ကြရသည်ဟု သိရသည်။

"အခု ရောင်းရတဲ့သူတွေကတော့ ကိုက်တာပေါ့။ လက်လီမှာသာ ဈေးက တအားတက်နေတာ။ တောင်သူရောင်းရတဲ့ဈေးက ကျပ် ၄၀၀၀ ဝန်းကျင်လောက်ပဲရှိမယ်။ အကြီးအသေးခွဲပြီးမှဆိုရင်တော့ ဈေးတစ်မျိုးပေါ့။ အရင်လို တစ်ပိဿာ ၅၀၀ ကျပ်၊ ၆၀၀ ကျပ်ထက်တော့ တော်တော်လေး အဆင်ပြေပါတယ်။ အခုက ခရမ်းချဉ်သီးက ရှားနေပြီ"ဟု ရှမ်းတောင်ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ ရှမ်းပြည်နယ် အောင်ပန်းကုန်စည်ဈေးကွက်အတွင်း ပွဲရုံရောင်းဈေးက ခရမ်းချဉ်သီး တစ်ပိဿာလျှင် ၅၃၀၀ ကျပ်၊ ခရမ်းချဉ်ရှယ်သီး တစ်ပိဿာလျှင် ၄၈၀၀ ကျပ်နှင့် ခရမ်းချဉ်အသေးသီးမှာ ၄၀၀၀ ကျပ် အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၁ ရက်နေ့က ရှမ်းပြည်နယ် အောင်ပန်းကုန်စည် ဈေးကွက်အတွင်း ပွဲရုံရောင်းဈေးမှာ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ၄၀၀၀ ကျပ်၊ ခရမ်းချဉ်ရှယ်သီး တစ်ပိဿာလျှင် ၃၅၀၀ ကျပ်နှင့် ခရမ်းချဉ် အသေးသီး တစ်ပိဿာလျှင် ၃၃၀၀ ကျပ် ရှိခဲ့ကြောင်း သိရသည်။

*ရွှေစင်*

# တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့်ပါ အရေးယူမည်

**တရားမဝင်ကုန်ပစ္စည်းများဖမ်းဆီး ရမိပါက ငွေကြေးခဝါချမှု တိုက်ဖျက် ရေးဥပဒေဖြင့်ပါ အရေးယူမည်ဖြစ်** ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန၊ အကောက်ခွန်ဦးစီးဌာန၏ အချက် အလက်များအရ သိရသည်။

ဘားအံ၊ မော်လမြိုင်၊ တောင်ကြီး၊ လားရှိုး၊ မူဆယ်အပါအဝင် နယ်စပ် ဂိတ်များမှ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိပါက ပို့ကုန်သွင်းကုန်ဥပဒေ၊ သက်ဆိုင်ရာဥပဒေများအပြင် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့်ပါ အရေးယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ထိုသို့ အရေးယူရာတွင် **မည်သူ မဆို ငွေကြေးခဝါချမှုကို ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို ထောင်ဒဏ် ၁၀ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်မည်ဖြစ်ပြီး ပြစ်မှု ကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်း ငါးရာအထိ ငွေဒဏ်ချမှတ်မည်ဖြစ်ကာ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား ထောင် ဒဏ်ခုနစ်နှစ်အထိ ချမှတ်မည်ဖြစ် ကြောင်း ဥပဒေတွင် ပြဋ္ဌာန်းထားချက် အရ သိရသည်။**

တိုင်းဒေသကြီး/ပြည်နယ်အထူး အဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာန တို့မှ ဖမ်းဆီးရမိမှု လချုပ်များ တင်ပြ ရာတွင်လည်း ဖမ်းဆီးရမိ မော်တော် ယာဉ်အမျိုးအစားများအား ခွဲခြားတင်ပြ ရန်နှင့် အများဆုံး ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများကို ကုန်စည်ပစ္စည်း အလိုက် စိစစ်တင်ပြရန်နှင့် တရား မဝင် ကုန်ပစ္စည်းအမျိုးအစားတင် ရေယာဉ်များ ဖမ်းဆီးရမိပါက ရေယာဉ် များအား တရားဝင်မှတ်ပုံတင်ထား ခြင်း ရှိ/ မရှိ၊ ရေယာဉ်ပိုင်ရှင်အမည်၊ ရေယာဉ်၏ အလျား၊ အနံ၊ အင်ဂျင်ပါဝါ၊ တင်ဆောင်နိုင်သည့် ကုန်ချိန်ပမာဏ တို့အား ပြည့်စုံစွာ ထည့်သွင်းတင်ပြရ မည်ဖြစ်ကြောင်းလည်း သိရသည်။

တရားမဝင်ကုန်သွယ်မှုများကို အရေးယူ ဆောင်ရွက်ရာတွင်လည်း ပြဋ္ဌာန်းထား သည့် ဥပဒေများနှင့်အညီ မှန်မှန်ကန် ကန် အသုံးပြု ဆောင်ရွက်ရန်၊ တရားမ ဝင်ကုန်စည်များကို စီမံခန့်ခွဲရာတွင် လည်း ထိထိရောက်ရောက် မြန်မြန် ဆန်ဆန် ဆောင်ရွက်ရန်နှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ကို အစိုးရနှင့်ပုဂ္ဂလိက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန်လည်း သက်ဆိုင် ရာတာဝန်ရှိသူများကို မှာကြားထား ကြောင်း သိရသည်။ ပြီးခဲ့သည့်လပိုင်း က ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီး ဌာနတို့မှ လိုင်စင်မဲ့/ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများနှင့် ပိတ်ပင်တားမြစ် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ကို စစ်ဆေးဖမ်းဆီးခဲ့ရာ စုစုပေါင်း ၄၇၀ စီး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ကန့်သတ်/ တားမြစ်ကုန်ပစ္စည်းများကို ပင်လယ် ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ သိမ်းဆည်းခဲ့ကာ ခွင့်ပြုချက်နှင့် ကွဲလွဲတင်သွင်းလာသည့် သို့မဟုတ် လုံးဝခွင့်ပြုချက်မပါဘဲ တင် သွင်းလာသည့် လိုင်စင်မဲ့၊ အကောက် ခွန်မဲ့ ကုန်ပစ္စည်းများကို ပင်လယ်ရေ ကြောင်း အကောက်ခွန်အက်ဥပဒေ အရ သင့်လျော်သည့် ရွေးယူဒဏ်ငွေ ဖြင့် အရေးယူခဲ့ကြောင်း သိရသည်။

*ရွှေစင်*

# ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်အတွက် RBE ရထားကို စီးလုံးငှားနိုင်

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်အတွက် RBE ရထားကို စီးလုံး ငှားရမ်းနိုင်မည်ဖြစ်ကြောင်း မြန်မာ့ မီးရထား၏ အချက်အလက်များအရ သိရသည်။

မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဗိုး ပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ် လမ်း ပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွား ဧည့်သည်များအား သမိုင်းဝင်ဂုတ်ထိပ် တံတားကြီးအား လေ့လာကြည့်ရှုနိုင် ရန်၊ လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင် ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ ပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိ စေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိ စေရန်ရည်ရွယ်၍ **ဗိုးပင်ကြီး-ပြင်ဦး လွင်-ဗိုးပင်ကြီးခရီးစဉ်အား ဘက်ထရီ လျှပ်စစ်စက်ခေါင်း(BEL) အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဗိုးပင်ကြီး-ပြင် ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦး လွင်-ဗိုးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁) ပြင်ဦးလွင်- ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင် ဦးလွင် ရထားခရီးစဉ်များကို ဒီဇင်ဘာလ ၁၉ ရက်နေ့မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးနေ** ခြင်း ဖြစ်သည်။

အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန်ခရီးစဉ်အတွက် ခရီး သွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထားတစ်စီးလုံး(၂၄ ဦးပါ) ငှားရမ်းလို ပါက **အသွား၊ အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်** စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထား မှ သိရသည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်- ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ ဦး လိုက်ပါစီးနင်းနိုင်မည် ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ပြင်ဦး လွင်မှ ဂုတ်ထိပ်အထိ ကျပ် ၁၅၀၀၀ ဖြစ်ပြီး လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများ နှင့် ပြင်ဦးလွင်- ဗိုးပင်ကြီးခရီးစဉ်၌ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့ တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရှိ ရသည်။

*ထက်ဦးမောင်*

# ငွေစက္ကူအတု ခွဲခြားနိုင်သည့် နည်းလမ်းများ ဗဟိုဘဏ် အသိပေး

ငွေစက္ကူအတုနှင့် ပတ်သက်၍ လက်ရှိတွင် ဖမ်းဆီးရမိမှုများ ရှိနေရာ ပြည်သူများ စိုးရိမ်မှုမဖြစ်ရန်နှင့် အတု၊ အစစ် ခွဲခြားရန် နည်းလမ်းများကို ဗဟို ဘဏ်က အသိပေးထုတ်ပြန်ထားသည်။

လူမှုကွန်ရက်ပေါ်တွင် ငွေစက္ကူ အတုများအား သတင်းပေးတိုင်ကြား မှုအရ ဖမ်းဆီးရမိမှုများအား မကြာ ခဏတွေ့ရှိရ၍ ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များမဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် ငွေစက္ကူအတု များသည် အရည်အသွေးကောင်းမွန် သော မိတ္တူကူးစက်များကိုအသုံးပြု ကာ "A4" စာရွက်များဖြင့် မိတ္တူကူးထား သောကြောင့် အတုမှန်း လွယ်ကူစွာ သိရှိ နိုင်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်မှ ထုတ်ဝေသည့် ငွေစက္ကူများမှာ လုံခြုံမှုအဆင့်အတန်းမြင့်မားစွာပါရှိ သောကြောင့် လွယ်ကူလျင်မြန်စွာ ခွဲခြား သိမြင်နိုင်ကြောင်း ဖော်ပြထားသည်။

ငွေစက္ကူအစစ်နှင့် အတုတို့တွင် အလွယ်တကူ မျက်မြင်သိရှိနိုင်သော အချက်များမှာ ငွေစက္ကူ၏ စက္ကူသား မှာ ကြမ်းရှရှရှိနေကာ ငွေစက္ကူအတု တွင် ပြောင်ချောနေကြောင်း၊ ငွေစက္ကူ ၏ ရှေ့မျက်နှာစာ လက်ဝဲဘက်ထောင့် ရှိ အညိုရောင်ကနုတ်ပန်းကို လက်ဖြင့် စမ်းသပ်ကြည့်ပါက ကြမ်းရှရှဖြစ်နေ ပြီး ဘေးတိုက်တိမ်းစောင်းကြည့်ခြင်း၊ အလင်းရောင်ဖြင့် ၄၅ ဒီဂရီတိမ်းစောင်း ၍ကြည့်ပါက CBM စာသားကို ပေါ်လွင် ပြတ်သားစွာ တွေ့မြင်ရကာ အတုတွင် မတွေ့ရကြောင်း သိရသည်။

ငွေစက္ကူမျက်နှာပြင်ပေါ်ရှိ ဒေါင် လိုက်ရိုက်နှိပ်ထားသော "တစ်သောင်း ကျပ်" စာသားနှင့် တန်ဖိုး "၁၀၀၀၀" ဂဏန်းများကို လက်ဖြင့်ပွတ်ဆွဲကြည့် ပါက ကြမ်းရှရှရှိပြီး ငွေစက္ကူအတုမှာ ပြောင်ချောနေကြောင်း၊ ငွေစက္ကူမျက်နှာ စာဘက်ရှိ "မြန်မာနိုင်ငံတော်ဗဟို ဘဏ်" စာတန်းကို လက်ဖြင့် ပွတ်ဆွဲ ကြည့်ပါက ကြမ်းရှရှရှိနေပြီး အတုတွင် ပြောင်ချောနေကြောင်း ဖော်ပြထား သည်။ **အလွယ်ကူဆုံးအချက်အနေဖြင့် အစစ်တွင် လုံခြုံရေးကြိုးမှာ အထက် အောက် လှုပ်ရှားကြည့်ပါက အရောင် ပြောင်းလဲကြောင်း သိရသည်။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ(၁၀၁)အရ **တားမြစ်ထားသော ငွေစက္ကူအတုများအား အတုမှန်း သိလျက်နှင့် သုံးစွဲခြင်းပြုလုပ်ပါက မည်သူမဆို ပုဒ်မ(၁၀၁)ပါ တားမြစ် ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဒ်မ (၁၀၅)အရ ထိုသူကို ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ် စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရ နိုင်ပါသည်။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ(၁၀၂)အရ ငွေစက္ကူအတုပြုလုပ် ခြင်း၊ အတုကို ပြည်ပမှတင်သွင်းခြင်း (သို့မဟုတ်) ပြည်ပသို့တင်ပို့ခြင်းတို့ကို ကျူးလွန်ပါက မည်သူမဆို ပုဒ်မ(၁၀၂) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ပုဒ်မ(၁၀၆)အရ ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ အများ ဆုံးထောင်ဒဏ်နှစ်(၂၀) အထိ ချမှတ် ခံရနိုင်သည့်အပြင် ပြစ်မှုနှင့်သက်ဆိုင် သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်ထောင်စုဘဏ္ဍာအဖြစ် သိမ်းဆည်း မည်ဖြစ်ကြောင်း သိရသည်။

*ထက်ဦးမောင်*

# တစ်ကိုယ်လုံးတွင် အပြာရောင် အဝိုင်းများပါသည့် အဆိပ်ပြင်းရေဘဝဲ စားသုံးမိပါက အသက်ဆုံးရှုံးနိုင်

တစ်ကိုယ်လုံးတွင် အပြာရောင် အဝိုင်းများပါသည့် အဆိပ်ပြင်း ရေဘဝဲ ကိုစားသုံးပါက ဖြေဆေးမရှိဘဲ သေဆုံး နိုင်ကြောင်း ဒေသရင်းမျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့် ဖော်ထုတ်ခြင်းတို့ ကိုဆောင်ရွက်နေသော NSCI Myanmar က သတိပေးထားသည်။

အဆိုပါ ရေဘဝဲအမျိုးအစားနှင့် ပတ်သက်၍ အင်တာနက်လူမှုကွန်ရက် များတွင် ဈေးဝယ်ရင်း ပါလာကြောင်း ဓာတ်ပုံနှင့်တကွ ဖော်ပြမှုအချို့ ရှိခဲ့ သည်။

အဆိုပါ ရေဘဝဲတွင် ပါဝင်သော TTX(Tetrodotoxin) အဆိပ်သည် ဖြေဆေးမရှိသေးကြောင်း၊ **ပရိုတိန်းကို အခြေခံထားသည့် အဆိပ်မဟုတ်သော ကြောင့် ကျက်အောင်ချက်စားလျှင် လည်း အဆိပ်ဓာတ်မပြယ်ဘဲ ယင်း အဆိပ်ကို စားမိပါက အာရုံကြောနှင့် ကိုယ်တွင်းအင်္ဂါများပါ အလုပ်မလုပ်ဘဲ သေဆုံးနိုင်ကြောင်း** ယင်းသတိပေးစာ တွင် ဖော်ပြထားသည်။

ပုံမှန်ရေဘဝဲများတွင် အပြာရောင် အဝိုင်းငယ်များ မပါရှိကြောင်း၊ သို့သော် အချို့ရေဘဝဲများတွင် အပြာရောင် အဝိုင်းငယ် နှစ်ကွင်းခန့် ပါတတ်သော် လည်း ယင်းမှာ ပုံမှန်သာဖြစ်ကြောင်း နှင့် အန္တရာယ်ရှိ Blue ringed Octopus တွင်မူ တစ်ကိုယ်လုံးအနှံ့တွင် အပြာ ရောင်းကွင်းပေါင်းများစွာ ပါရှိနေခြင်း ဖြစ်ကြောင်းလည်း ဖော်ပြထားချက် အရ သိရသည်။

"ပုံမှန်ရေဘဝဲထက်ကို ထူးခြား သိသာပါတယ်၊ အရွယ်အစားအနေနဲ့ ကလည်း ခန္ဓာကိုယ် ၃-၆ စင်တီမီတာ၊ လက်တံက ၇-၁၀ စင်တီမီတာလောက် ပဲရှိတာပါ" ဟု စာတွင် ဖော်ပြထား သည်။

ထို့ကြောင့်ပင်လယ်စာကိုနှစ်သက် သော စားသုံးသူများအနေဖြင့် ဆိုင် များ သို့မဟုတ် ဈေးများမှ ဝယ်ယူစား သုံးရာတွင် သတိပြုရန်လိုကြောင်း NSCI Myanmar က ဆိုထားသည်။

*ထက်ဦးမောင်*



အတွဲ(၂၃)၊ အမှတ်(၁)၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ဂျာနယ်

# ဘဝအိပ်မက် ပန်းအိပ်မက်

**မစန္ဒာ**

*ယခင်အပတ်မှအဆက်*

ဝေးဝေးသို့ မရောက်နိုင်သေး၊ သူအတင်းပြေး၍ လိုက်လျှင်မီနိုင်သည်။ လက်ဆွဲပြီး အတင်းပြန်ခေါ်ခဲ့မိမည်။

"မေမေ"

ပါးပေါ်မှ မျက်ရည်များကို လက်နှစ်ဖက်နှင့် ပွတ်သုတ်ကာ ကိုဦးက အသံကုန်အော်လိုက်သည်။ သူ့ပခုံးကို သိုင်းဖက်ထားသော လက်များကို တွန်းဖယ်ကာ တစ်ဟုန်ထိုး ပြေးထွက်လိုက်သည်။

"ကိုဦး မပြေးနဲ့"

ဦးကံမြင့်က စိုးရိမ်တကြီးလှမ်းအော်သည်။ လမ်းပေါ်တွင် ယာဉ်သွား၊ ယာဉ်လာကမပြတ်၊ "ကိုဦး" ဦးဘပွားကလည်း အော်သည်။ သို့သော် ကိုဦး၏ နောက်သို့ စိတ်ကသာ ပြေးလိုက်ပြီး လူက မလိုက်နိုင်။ သူ၏ခန္ဓာကိုယ်သည် ကျောက်တုံး၊ ကျောက်ခဲကြီးလို လေးလံနေသည်။

"ကိုဦး.... သား"

တံခါးဝသို့ ရုတ်တရက် ရောက်လာသော ကိုကောင်းထက်က အခြေအနေအရပ်ရပ်ကို ချက်ချင်းနားလည်သွားသည်။ ကမူးရှူးထိုး ပြေးလာသောကိုဦးအား အတင်းဆီး၍ ဖက်ထားလိုက်သည်။ အေးစက်တုန်ယင်နေသော ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲတွင် မြုပ်နေအောင်ဖက်ထားရင်း "ဦးကောင်းတို့ ရှိပါသေးတယ် ကလေးရယ်" ဟု လှိုက်လှဲကြင်နာစွာ ပြောလေသည်။

ဒီတစ်ခါတော့ ဦးထင်သည် အရက်နာမကျဘဲနှင့် ခေါင်းထဲတွင် တစစ်စစ်ကိုက်ခဲနေလေသည်။ ကလေးများ၏ ဝမ်းပမ်းတနည်းငိုရှိုက်သံသည် သူ့နှလုံးသားကို ဓားနှင့်ရိပ်ရိပ်မွှန်းနေသလို နာကျင်စေသည်။ မိဘရင်ခွင်တွင် ကြောင့်ကြမဲ့စွာ နေလာခဲ့ကြသော ကလေးငယ်သုံးဦး၏ ဘဝရှေ့ရေးကို သူမတွေးရက်ချေ။ ကလေးများ အငိုတိတ်အောင်လည်း သူမနှစ်သိမ့်တတ်၊ မချော့တတ်ချေ။

"သူတို့ နှစ်ယောက်လုံး သေသွားကြပြီတဲ့၊ အဲဒါ တကယ်လား၊ ဟုတ်မှဟုတ်ရဲ့လား"

ကလေးတွေမဆိုထားနှင့် သူလို အသက်ခြောက်ဆယ်ကျော် အဘိုးကြီးကပင်လျှင် ထိုကိစ္စကို မယုံချင်။ တစ်စုံတစ်ဦးကများ အတည်ပေါက်နှင့် နောက်ပြောင်လေရော့သလားဟု တွေးနေသည်။ ထိုသို့ပင် ဖြစ်ပါစေဟုလည်း မဖြစ်နိုင်မှန်းသိလျက်နှင့် ဆုတောင်းနေမိလေသည်။

သူ့သား ကိုကောင်းထက်ကတော့ "ဖြစ်မှ ဖြစ်ရလေဗျာ" ဟု မချိတင်ကဲပြောရင်း သက်ပြင်းကြီး တဟင်းဟင်းချနေသည်။ မမွေးကြူကမူ ကိုတူးနှင့် ကဲကဲကို မလွတ်တမ်းဖက်ထားသည်။ ကလေးတွေကို "မငိုပါနဲ့ကွယ်" ဟုပြောနေသော်လည်း သူကမျက်ရည်ကျနေသည်။ အဆိုးဆုံးကတော့ ဟိုအဘွားကြီး ဒေါ်ရွှေနုဖြစ်သည်။

"အံမာ... လေးရဲ့ လေး၊ အဖြစ်ဆိုးလှချည်လား မခင်လှရဲ့" ဟု ခုနစ်အိမ်ကြားအောင် အော်သည်။ ရှိုက်ငင်နေသော ကဲကဲ၏ ပခုံးလေး နှစ်ဖက်ကို ကိုင်လှုပ်ပြီး "ကဲကဲရေ... မြေးလေးရဲ့၊ နင့်အမေ ပြန်မလာတော့ဘူး...ဟဲ့"ဟုလည်း အလိုက်ကန်းဆိုးမသိ ပြောသေးသည်။

"တစ်ခုတော့ ကောင်းပါတယ်လေ၊ ငါ့မှာ သူ့ကို အမြင်ကတ်နေရတော့ စိတ်ထဲမကောင်း ဖြစ်နေတာ လျော့သွားတာပေါ့"



ရုတ်တရက်ချက်ချင်း အသုဘအိမ်ဖြစ်သွားသော သူတို့တိုက်တွင် လူဝင်လူထွက်ရှုပ်လာသည်။ ဆင်းကြ၊ တက်ကြ၊ မေးကြ၊ မြန်းကြနှင့် ဆိုတော့ မမွေးကြူတို့ သားအမိက လုံးဝမအားကြတော့ချေ။ ကံကောင်းကိုတစ်ယောက်တစ်လက် ဝိုင်းချီနေကျဖြစ်သော ကဲကဲတို့မောင်နှမကလည်း ဂရုမစိုက်အားကြသောအခါ ဖိုးကံကောင်းခမျာ ဦးထင်၏ လက်ပေါ်ရောက်လာသည်။

ဦးထင်သည် ကံကောင်းကိုချီကာ လမ်းလျှောက်လိုက်၊ ကိုရန်ဝေးနှင့် မခင်လှတို့ကို ကြေကွဲစွာ သတိရလိုက်၊ ကလေးတွေကို သနားလိုက်၊ ဒေါ်ရွှေနုကို မြင်ပြင်းကတ်လိုက်နှင့် အချိန်နာရီ အတော်များများကို လူရောစိတ်ပါ ပင်ပန်းစွာနှင့် ကုန်ဆုံးခဲ့ရသည်။ညနေစောင်းရောက်တော့ ဖိုးမှုနှင့် ဖိုးခွား မောင်နှမနှစ်ယောက် မျက်နှာငယ်ကလေးများနှင့် ရောက်လာသည်။ ဦးထင်၏လက်ထဲတွင် ပျင်းပြီးငိုက်နေသော ကံကောင်းကိုခေါ်သွားကြသည်။

"မောင်မင်းကြီးသားတို့မောင်နှမ ကျေးဇူးတင်လိုက်တာဗျာ"

ဦးထင်သည် မီးဖိုချောင်နံရံကိုမှီကာ သမံတလင်းပေါ်တွင်ပင် ခြေပစ်လက်ပစ်ထိုင်ချသည်။ သူဘယ်သူနှင့်မှ စကားမပြောချင်။ ကဲကဲတို့ မောင်နှမတစ်တွေနှင့် မျက်နှာချင်းဆိုင်ရမှာကိုလည်း ဝန်လေးနေသည်။ မည်သူနှင့်မျှမတွေ့ရသော ချောင်ကလေးတစ်ချောင်တွင် တိတ်တိတ်ဆိတ်ဆိတ်ကလေး ထိုင်နေချင်သည်။

ထို့နောက် အရက်တွေမူးအောင်၊ ဒေါင်ချာစိုင်းအောင် သောက်ပစ်လိုက်ချင်သည်။ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ သနားခြင်း၊ ဝမ်းနည်းခြင်း စသော.. စသော ဝေဒနာများကို သူမခံစားလိုပေ။

"သူတို့နှစ်ယောက်လုံး ငါ့ထက်အများကြီး ငယ်ကြသေးတယ်၊ လောကမှာလည်း အသုံးကျနေကြတယ်၊ အနည်းဆုံး ကလေးသုံးယောက်အတွက် သူတို့ကိုလိုအပ်တယ်" သို့ပါသော်လည်း သေခြင်းတရားသည် ကြီးခြင်း၊ ငယ်ခြင်း၊ လူ့လောကတွင် လိုအပ်ခြင်း၊ မလိုအပ်ခြင်း၊ အသုံးကျခြင်း၊ အသုံးမကျခြင်းများကို မကြည့်ခဲ့ပေ။

"ငါကတော့ အသက်ခြောက်ဆယ်ကျော်နေပြီ၊ လောကမှာလည်း အသုံးမကျဘူး၊ ငါမရှိလို့လည်း ဘယ်သူ့မှာမှ မနစ်နာဘူး"

ဦးထင်က သက်ပြင်းကြီး ဟင်းခနဲချသည်။

"ငါ ဘာကုသိုလ်ကောင်းမှုကိုမှ သတ်သတ်မှတ်မှတ် မလုပ်ဖူးဘူး"

ဦးထင်က သူကျော်ဖြတ်ခဲ့သော အချိန်များကို ပြန်ပြောင်းတွေးနေမိသည်။ ဒါနနှင့် ပတ်သက်သောကောင်းမှု၊ သီလနှင့် ပတ်သက်သောကောင်းမှု၊ ဘာဝနာနှင့် ပတ်သက်သောကောင်းမှု၊ ဘာတစ်ခုမျှ ရေရေရာရာမရှိခဲ့သည်ကို သတိရရင်း ရင်ထဲတွင် လေးလေးလံလံကြီး ဖြစ်သွားသည်။ ကောင်းသောအလုပ်ကို မလုပ်ခဲ့သူသည် သေသည်၏အခြားမဲ့၌ ကောင်းသောနေရာသို့ကောင်းသော ဘုံဘဝသို့ ရောက်နိုင်လိမ့်မည် မဟုတ်ကြောင်းကိုလည်း သူသိသည်။ ဘုရား၊ တရားကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်ပြီး ကိုးကွယ်ဆည်းကပ်ခြင်း မပြုခဲ့မိသော်လည်း နောက်နောင်ဘဝများနှင့် သံသရာ၏အကျိုးဆက်ကိုတော့ သူယုံကြည်သည်။

"ကိုရန်ဝေးတို့လိုသာ ငါလည်းရုတ်တရက် သေသွားမယ်ဆိုရင်"

ကြောင်အိမ်အောက် ပြေးဝင်သွားသော ပိုးဟပ်တစ်ကောင်ကို ငေးကြည့်နေရင်းမှ ဦးထင်က တွေးမိသည်။

"ငရဲကျရင်လည်းကျ၊ ငရဲမကျရင်လည်း တိရစ္ဆာန်၊ အင်း... ဟော ဟိုက ပိုးဟပ်လို ဘဝမျိုးကိုတောင် ရောက်ချင်ရင် ရောက်သွားနိုင်တယ်"

ပိုးဟပ်များကို တံမြက်စည်းနှင့် ရိုက်သတ်ပြီး မသေမရှင် လှည်းထုတ်ခဲ့သည်များကို သတိရပြီး ဦးထင်၏ စိတ်ထဲတွင် မအီမသာဖြစ်သွားသည်။ ညနေစောင်းလာသောအခါတွင်ကား ဦးထင်သည် အိမ်ထဲတွင် မနေနိုင်တော့ပေ။ ယောင်လည်လည် ငုံ့လျှိုးလျှိုးနှင့် မသိမသာ ထွက်လာခဲ့သည်။ ထုံးစံအတိုင်း သောက်မည်။ ထို့နောက် ထုံးစံအတိုင်း မူးမည်။

"ဒီနေ့တော့ ထုံးစံအတိုင်းတောင်မဟုတ်ဘူး၊ ထုံးစံထက် ပိုပြီးမူးချင်တယ်၊ အားလုံးကို မေ့သွားအောင် မူးချင်တယ်၊ ကိုရန်ဝေးတို့လင်မယား၊ ကိုဦးတို့မောင်နှမ နောက်ပြီး... နောက်ပြီးတော့ အဲဒီ သေခြင်းဆိုတဲ့တရား"

ဦးထင်သည် အရက်မသောက်ရသေးဘဲနှင့် မူးချင်ချင်ဖြစ်နေသည်။ ခေါင်းထဲတွင်လည်း လေးလံကိုက်ခဲနေသည်။ သူအတန်ကြာအောင် မေ့လျော့နေခဲ့သော သေခြင်းတရားက သူ့ဆီ တစ်ကျော့ပြန်လာကာ "ကျုပ်ကို မမေ့နဲ့ဗျ" ဟု ခြိမ်းခြောက်နေသလို ခံစားရသည်။

သူ၏ မိခင်ဖခင် ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်သင်္ဂဟများကိုသာမက သူ၏ချွေးမနှင့် မြေးလေးကိုပါ ခေါ်ဆောင်သွားဖူးသော သေခြင်းတရား၏ အေးစက်စိုထိုင်းသော လက်မည်းကြီးများ၏ အရိပ်ကို ပြန်လည်တွေ့ရ၊ နာကျင်ကြေကွဲခြင်းများကို ခံစားရပြီး ငိုကြွေးသံများကို ကြားရပြန်ပြီ။

"ဘယ်တော့ ရောက်မလဲဆိုတာသာ အသေအချာ မသိရတာ၊ ငါ့အလှည့်လည်း ရောက်လာဦးမှာပဲ"

ဦးထင်ကသူ့အလှည့်ကိုတွေးရင်း ကျောထဲတွင် စိမ့်တက်လာသော်လည်း မထီတရီပြုံးရန် ကြိုးစားမိသည်။ သို့သော်မအောင်မြင်ချေ။ သေခြင်းတရားကို ကြောက်လှသည် မဟုတ်သော်လည်း ထိုသေခြင်းဆိုသော တံခါးဝကြီး၏ ဟိုဘက်တွင် ရှိနေမည့် တမလွန်ကို တွေးပြီးကြောက်နေမိသည်။

"ဩော်... တရားပွဲရှိနေတယ်ထင်ပ့ါ"

မြသိန်းတန်ဓမ္မာရုံနား ရောက်လာတော့ စည်ကားလှုပ်ရှားနေသော သူများကို တွေ့ရသည်။ ဓမ္မာရုံထဲတွင်လည်း လူတွေပြည့်နေသည်။ နေရာမရတော့၍ လမ်းဘေးတွင် မတ်တပ်ရပ်နေသူများလည်း မနည်းလှပေ။

"ဘယ်ဆရာတော်ကြီးများ ကြွလာမှာလဲ"

"တောင်တန်းသာသနာပြုဆရာတော်ကြီးလေ"

"ဩော်..."

ဦးထင်က "ဩော်" ကို လေရှည်ဆွဲ၍ ရွတ်မိရင်း ထိုဆရာတော်ကြီး၏ အကြောင်းကို စဉ်းစားသည်။ ဘုရားတရားနှင့် ခပ်ဝေးဝေးနေသူမို့ ထိုဆရာတော်ကြီးကို တစ်ခါမျှ မဖူးဘူးသော်လည်း ဆရာတော်ကြီး ပရိတ်ရွတ်လျှင် ပရိတ်အိုးများ ဆူကြောင်း၊ ဝေကျကြောင်းကိုကား ကြားဖူးလေသည်။

"ဟို ပရိတ်အိုးဆူတယ်ဆိုတဲ့ ဆရာတော်ကြီးလား"

"ဟုတ်ပ့ါဗျာ"

ဦးထင်၏ဘေးတွင်ရပ်နေသော ပုဆိုးအညိုကွက်နှင့်လူက အားရပါးရ ခေါင်းညိတ်သည်။

"အဲသလို ဆူတာကို မြင်ဖူးလားဟင်"

*ဆက်လက်ဖော်ပြပါမည်*




ဤကဏ္ဍတွင် ဖော်ပြသော အကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

## တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်-၁ ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသောကြောင့် တာဝန်ရှိသူများကို ဒေသခံပြည်သူများ ကျေးဇူးတင်ရှိ

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အေးချမ်းမြိုင်-၁ ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၂ ဒသမ ၁၄ သန်းဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသောကြောင့် တာဝန်ရှိသူများကို ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရပါတယ်။

"ကျွန်တော်နေထိုင်တဲ့ ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်-၁ ကျေးရွာမှာ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာ အခုဆို ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ပေးလို့ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးသွားရင် ကျေးရွာသူ/ သားများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာရမှာဖြစ်လို့ ဒီစီမံကိန်းကို ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါတယ်"

*ဒေသခံပြည်သူတစ်ဦး*

*နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။*

## ကမ္ဘာ့အကောင်းဆုံး စွပ်ပြုတ်စာရင်းတွင် မြန်မာ့မုန့်ဟင်းခါး ပါဝင်

မြန်မာ့မုန့်ဟင်းခါးသည် ကမ္ဘာ့အကောင်းဆုံး စွပ်ပြုတ်စာရင်း ၂၀ တွင် ပါဝင်နေကြောင်း CNN သတင်းဌာန၏ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားကဏ္ဍကို ဖော်ပြပေးနေသော CNN Travel ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ CNN Travel ၏ ဖော်ပြထားချက်အရ ကမ္ဘာ့အကောင်းဆုံး စွပ်ပြုတ်စာရင်း ၂၀ တွင် မြန်မာနိုင်ငံမှ မုန့်ဟင်းခါးသည် အဆင့် (၁၄)နေရာတွင် ပါဝင်ခဲ့ပြီး မုန့်ဟင်းခါးကို နေရာအနှံ့အပြားတွင် နံနက်စာအဖြစ် စားသုံးလေ့ရှိကြောင်းနှင့် လမ်းဘေးဈေးသည်များ၊ လက်ဖက်ရည်ဆိုင်များတွင်လည်း မုန့်ဟင်းခါးကို ကြီးမားသောအိုးကြီးထဲမှ အငွေ့တထောင်းထောင်းဖြင့် ရောင်းချကြောင်း သိရသည်။

မုန့်ဟင်းခါးသည် အနံ့အရသာမွှေးကြိုင်သော ဟင်းရည်ဖြစ်ပြီး အမျိုးမျိုးသော ဟင်းခတ် အမွှေးအကြိုင်များဖြင့် ချက်ပြုတ်ထားသည့်အပြင် ဆန်လှော်မှုန့်ကို ပြစ်အောင်ချက်ထားကြောင်း CNN Travel ကဆိုသည်။ ထို့ပြင် ငါးကို ထည့်သွင်းထားခြင်းကြောင့် အရသာပိုရှိစေပြီး ပါးလွှာသော ဆန်ခေါက်ဆွဲ(မုန့်ဖက်)ကလည်း စားသုံးရန်သင့်လျော်ကြောင်း ဖော်ပြချက်အရသိရသည်။

မုန့်ဟင်းခါးကို နံနက်စာတွင်သာမက အချိန်မရွေးစားသုံးလေ့ရှိသောကြောင့် လူကြိုက်များပြီး နေရာဒေသပေါ်မူတည်ကာ ပြင်ဆင်ချက်ပြုတ်နည်းကွာခြားမှုများရှိနိုင်ကြောင်း သိရှိရသည်။

*ကိုဘုန်း*



## လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းမည်



လက်ဖက်ယဉ်ကျေးမှုအား ယူနက်စကို (UNESCO) ၏ လူသားမျိုးနွယ်ဆိုင်ရာကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းသို့ တင်သွင်းမည်ဖြစ်ကြောင်းသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။

ယူနက်စကိုသို့ တင်သွင်းမည့် လက်ဖက်ယဉ်ကျေးမှုနှင့် ပတ်သက်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ခေါင်းစဉ်အမည် သတ်မှတ်နိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်၊ မန္တလေး)နှင့် ဝန်ကြီးဌာနကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ ယူနက်စကိုသတ်မှတ်ပုံစံ ICH-02 Form အား ဖြည့်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့် Consent Letter and Video၊ Statement Letter and Video များ ရယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တင်သွင်းမည့်ခေါင်းစဉ်အနေဖြင့် လက်ဖက်စိုယဉ်ကျေးမှုဟုလျာထားသတ်မှတ်ထားကြောင်း သိရှိရသည်။

*ကိုအောင်*

# ဓမ္မစာစု

## ကောင်းကျိုးငါးပါးလိုလားလျှင်

ကောင်းကျိုးငါးပါးကို လိုလားကြကုန်သော၊ ရယူလိုကြကုန်သော လူအပေါင်းတို့သည် ရိုသေထိုက်သူကို ရိုသေရမည်။ ပူဇော်ထိုက်သူကို ပူဇော်ရမည်။ စွန့်ကြဲပေးကမ်းထိုက်သူကို စွန့်ကြဲပေးကမ်းရမည်။ လျှုဒါန်းအပ်သူကို လျှုဒါန်းရမည် ဖြစ်သည်။

ဤသို့ ဆောင်ရွက်ပါက ကောင်းကျိုးငါးပါးဖြစ်သော အသက်ရှည်ခြင်း(အာယု)၊ အဆင်းလှခြင်း(ဝဏ္ဏ)၊ ချမ်းသာခြင်း(သုခ)၊ ခွန်အားဗလကြီးမားခြင်း(ဗလ)နှင့် ပစ္စည်းဥစ္စာပြည့်စုံခြင်း(ပဋိဘာန) အကျိုးများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

*အရှင်သုမေဓာသာရ(အောင်စကြာကျောင်း)*

# စကားပုံမှပေးသောအသိများ

## ဖားတုလို့ ခရုခုန်

သဘာဝအရ မခုန်နိုင်သော ခရုသည် ဖားကို လိုက်တု၍ ခုန်ရန် အားထုတ်သကဲ့သို့ အရာမဟုတ်သည်၌ တုပယှဉ်ပြိုင်ခြင်းဖြစ်သည်။

"မင်းတို့ ဘယ်လိုပဲ ကြံကြံ **ဖားတုလို့ ခရုခုန်**သလို နေမှာပေါ့"

"ဘာအခြေခံမျှမရှိဘဲ သက်သက်မဲ့ ဝမရှိဘဲ ဝိလုပ်ခြင်း သို့မဟုတ် **ဖားတုလို့ ခရုခုန်**ခြင်းမျိုးကို လုပ်ကြလျှင်ကား အထူးပြောစရာ မလိုတော့..." ဟု ဆိုလိုခြင်း ဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်*

# သဒ္ဒါအသုံးအနှုန်း

## ဖူး၊ ဘူး

ဖူးကို ဖူးတွေ့၊ ဖူးမြော်၊ ဖူးရောင်၊ ဖူးထွက်ဟူသော အနက်များတွင် သုံးပါသည်။

"ဖူးမှာ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေသည့် စကားလုံး"ဟု ဖွင့်ဆိုထားသည်။

ဘူးကို ဘူးသီး၊ ထည့်စရာဘူး ဟူသောအနက်များကို ပြသည်။ "ဘူးမှာ ငြင်းပယ်သော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး"ဟု ဖွင့်ဆိုထားသည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစာမြန်မာစကားစာအုပ်မှ*

# သိမှတ်လေ့လာအင်္ဂလိပ်စာ

| | | | |
|---|---|---|---|
| ၁။ | Agenda | (n) | အစည်းအဝေးအစီအစဉ်။ |
| ၂။ | Appointment | (n) | ချိန်းဆိုချက်။ |
| ၃။ | Boss | (n) | အကြီးအကဲ။ |
| ၄။ | Client | (n) | ဖောက်သည်။ |
| ၅။ | Deadline | (n) | ကန့်သတ်ကာလကုန်ဆုံးချိန်။ |
| ၆။ | Document | (n) | စာရွက်စာတမ်း။ |
| ၇။ | Employee | (n) | အလုပ်သမား။ |
| ၈။ | Employer | (n) | အလုပ်ရှင်။ |
| ၉။ | Feedback | (n) | တုံ့ပြန်ချက်။ |
| ၁၀။ | Partner | (n) | လုပ်ဖော်ကိုင်ဖက်။ |

အတွဲ(၂၃)၊ အမှတ်(၁)၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ဒို့ကျေးလက် ဂျာနယ်

# ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာမှ ထွက်ရှိသည့် စတော်ဘယ်ရီမှ ဝိုင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

ကောင်းမြတ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာတွင် စတော်ဘယ်ရီများ စိုက်ပျိုးကာ စတော်ဘယ်ရီသီးများ လက်လီ၊ လက်ကား ရောင်းချလျက်ရှိသည့်အပြင် စတော်ဘယ်ရီဝိုင်လည်း ထုတ်လုပ်ရောင်းချလျက်ရှိကြောင်းသိရ၍ စတော်ဘယ်ရီခြံပိုင်ရှင်နှင့် မေးမြန်းထားမှုကို ဒို့ကျေးရွာဂျာနယ် စာဖတ်ပရိသတ်များအတွက် တင်ဆက်လိုက်ရပါသည်-



*မေး။ အစ်မရဲ့ နာမည်နဲ့ စိုက်ပျိုးထားတဲ့သီးနှံကို သိပါရစေ။*

*ဖြေ။*ကျွန်မက မလှိုင်ဝေနှင်းဖြစ်ပါတယ်။ သာမိုင်းခမ်းကျေးရွာမှာ စတော်ဘယ်ရီတွေ စိုက်ထားပါတယ်။

*မေး။ စတော်ဘယ်ရီမျိုးတွေ အများကြီးရှိတဲ့အနက် ထိုင်ဝမ်မျိုးကိုရွေးချယ်စိုက်ပျိုးရတဲ့အကြောင်း ရှင်းပြပေးစေလိုပါတယ်။*

*ဖြေ။* ဟုတ်ကဲ့ပါ။ ဒီမျိုးက အကြွပ်သီးလည်းဖြစ်တယ်။ သယ်ယူပို့ဆောင်ရလည်း လွယ်ကူပြီး အထားလည်း ခံတဲ့အတွက် အခုလိုမျိုးကို ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ပါတယ်။

*မေး။ စတော်ဘယ်ရီကို ဘယ်လိုရာသီချိန်မှာ စစိုက်ပြီး ဘယ်အချိန်မှာ စခူးရပါသလဲ။*

*ဖြေ။* စတော်ဘယ်ရီစိုက်ရန်အတွက် ဦးစွာ မြေပြုပြင်ရပါတယ်။ မြေပြင်တဲ့အချိန်က ဇူလိုင်လလောက် ပြင်ပါတယ်။ ဩဂုတ်လ၊ စက်တင်ဘာလမှာ စစိုက်ပါတယ်။ ဒီဇင်ဘာလကနေ ဧပြီလလောက်အထိ ကောင်းကောင်းသီးပါတယ်။

*မေး။ စတော်ဘယ်ရီစိုက်တဲ့အခါမှာ တချို့မိုးကာနဲ့စိုက်တယ်လို့ သိရပါတယ်။ မိုးကာနဲ့ စိုက်တာ ဘာကြောင့်လဲဆိုတာ သိပါရစေ။*

*ဖြေ။* စတော်ဘယ်ရီစိုက်တာ ဆယ်နှစ်ဝန်းကျင်ခန့်ရှိပါပြီ။ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတော့ ဒီအတိုင်းမြေပေါ်မှာပဲစိုက်တယ်။ ကောက်ရိုးအုပ်တယ်။ အဲဒါကကျတော့ ပေါင်းရှင်းရတာ အချိန်ကုန်တယ်။ လုပ်အားလည်းကုန်တယ်။ ကောက်ရိုးရဲ့ အပူရှိန်ကြောင့်ထင်ပါတယ်။ အပုပ်တွေများတယ်။ မိုးကာနဲ့စိုက်တာကျတော့ အသီးလည်းလှတယ်။ လုပ်အားလည်းသက်သာတယ်။ ပေါင်းပင်တွေလည်း အများကြီး မထွက်နိုင်တော့လို့ ဘေးက မြက်တွေပဲ နုတ်ပေးရတာ။ အစာအနေနဲ့လည်း မိုးကာပေါင်ထဲ ထည့်ထားတဲ့ အစာမှန်သမျှကို အပင်ကစားနိုင်တဲ့အတွက် အသီးသီးတာလည်းမြန်တယ်၊ ရေလောင်းတာလည်း အလေအလွင့် မဖြစ်တော့ဘူး။

*မေး။ ရောဂါအနေနဲ့ ဘယ်လိုရောဂါမျိုးတွေ ကျရောက်တတ်ပါသလဲ။*

*ဖြေ။*အရွက်ဝါတာတွေ၊ ပိုးအစိမ်းဝင်တာတွေဖြစ်တတ်ပါတယ်။ ရောဂါကြိုတင်ကာကွယ်တဲ့အနေနဲ့ရော အသီးများများ ထွက်ရှိဖို့ရောဆိုရင် သဘာဝဇီဝမြေဩဇာ ဝယ်သုံးရပါတယ်။ သဘာဝဇီဝ မြေဩဇာ မသုံးလျှင် အသီးက ဘေးနှစ်ဖက်ပဲ ထွက်ပါတယ်။ မြေဩဇာသုံးလိုက်ရင်တော့ လေးဖက်လေးတန်ကနေ အသီးပတ်ချာလည်ထွက်ပါတယ်။

*မေး။ ဝိုင်ထုတ်လုပ်ပုံကိုလည်း သိချင်ပါတယ်။*

*ဖြေ။*စတော်ဘယ်ရီဝိုင်ကို ဒီဇင်ဘာလမှာ စလုပ်တယ်။ လေးလကနေ ခြောက်လ အနည်းဆုံးထားရပါတယ်။ သကြားညိုနဲ့ စတော်ဘယ်ရီနှစ်မျိုးပဲသုံးတယ်။ သကြားညိုက တစ်လွှာ၊ စတော်ဘယ်ရီက တစ်လွှာပေါ့နော်။ ကျန်တာဘာမှမပါပါဘူး။ သဘာဝအတိုင်းပဲ လုပ်ပါတယ်။ ပစ္စည်းတင်ပို့မှုအနေဖြင့်တော့ ရန်ကုန်ကိုပဲ တင်ပို့ပါတယ်။ များသောအားဖြင့် ခြံမှာလာဝယ်ကြပါတယ်။ ဝိုင်တစ်ပုလင်းကို နှစ်သောင်းနဲ့ ရောင်းချပါတယ်။ ***ကောင်းမြတ်***

*(credit- ဒို့ကျေးလက်)*

# ရုရှား- မြန်မာ ပူးပေါင်း၍ သဘာဝရွက်ဖျန်းမြေဩဇာစက်ရုံ တည်ဆောက်မည်

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအထောက်အပံ့အဖြစ် ရုရှားနိုင်ငံ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရုရှား- မြန်မာ သဘာဝရွက်ဖျန်း မြေဩဇာစက်ရုံကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာအုပ်စု အကွက်အမှတ်(၁၆၆၂)၌ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူပြုမည့် အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (FUND RC-Investments)၏ RUMA Organic ကုမ္ပဏီအနေဖြင့် သဘာဝရွက်ဖျန်းမြေဩဇာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယခုတည်ဆောက်မည့် သဘာဝရွက်ဖျန်းမြေဩဇာစက်ရုံသည် မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပြသရန် အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် စက်ရုံကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အမြန်ဆုံးဆောက်လုပ်နိုင်ရေး အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး သဘာဝမြေဩဇာရွက်ဖျန်းအားဆေးရည်ကိုပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ်လျှော့နည်းစေမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ***နွဲ့နွဲ့***

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ပြည် | ၈၅၀၀ |
| ၂။ | ညှော့မထ | ။ | ၄၂၀၀ |
| ၃။ | မြေပဲဆီ | တစ်ပိဿာ | ၂၄၀၀၀ |
| ၄။ | နှမ်းဆီ | ။ | ၂၁၀၀၀ |
| ၅။ | စားအုန်းဆီ | ။ | ၆၀၅၀ |
| ၆။ | ကုလားပဲကြမ်း | ။ | ၈၀၀၀ |
| ၇။ | ပဲနီလေး | ။ | ၁၉၀၀၀ |
| ၈။ | ပဲကြီး | ။ | ၉၀၀၀ |
| ၉။ | စားတော်ပဲ | ။ | ၁၁၅၀၀ |
| ၁၀။ | ကြက်သွန်နီ | ။ | ၂၃၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁၁။ | အာလူး | တစ်ပိဿာ | ၈၀၀၀ |
| ၁၂။ | ကြက်သား | ။ | ၂၅၀၀၀ |
| ၁၃။ | ဝက်သား | ။ | ၃၅၀၀၀ |
| ၁၄။ | အမဲသား | ။ | ၃၃၀၀၀ |
| ၁၅။ | ဆိတ်သား | ။ | ၈၀၀၀၀ |
| ၁၆။ | ငါးခူ | ။ | ၂၅၀၀၀ |
| ၁၇။ | ငါးကျည်း | ။ | ၂၆၀၀၀ |
| ၁၈။ | ငါးမြစ်ချင်း | ။ | ၁၅၀၀၀ |
| ၁၉။ | ပုစွန်တုပ် | ။ | ၈၀၀၀၀ |
| ၂၀။ | ပုစွန်ကျော့ | ။ | ၃၀၀၀၀ |

| စဉ် | Fuel (လက်လီ) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၅၂၀ | ၂၆၃၀ |
| ၂။ | 95 Ron | ၂၅၇၀ | ၂၆၈၅ |
| ၃။ | HSD (500 ppm) | ၂၂၃၀ | ၂၃၄၅ |
| ၄။ | HSD (50 ppm) | ၂၆၉၀ | ၂၈၁၀ |
| ၅။ | HSD (10 ppm) | ၂၆၉၀ | ၂၈၁၀ |

| စဉ် | Fuel (လက်ကား) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၃၆၁ | ၂၄၄၂ |
| ၂။ | 95 Ron | ၂၄၁၁ | ၂၄၉၂ |
| ၃။ | HSD (500 ppm) | ၂၀၈၄ | ၂၁၅၅ |
| ၄။ | HSD (50 ppm) | ၂၅၂၅ | ၂၆၀၅ |
| ၅။ | HSD (10 ppm) | ၂၅၂၅ | ၂၆၀၅ |

အထက်ပါ ကုန်စည်ဈေးနှုန်းများသည် ဒီဇင်ဘာလ စတုတ္ထပတ် ဈေးနှုန်းများဖြစ်ပြီး အချိန်အခါနှင့် ဒေသကိုလိုက်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ဂန္ဓမာပန်းများကို မြေအောက်ရေတင်စနစ်ဖြင့် စီးပွားဖြစ် စိုက်ပျိုး

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် ခေတ်မီမြေအောက်ရေတင်စနစ်ကို အသုံးပြု၍ ဂန္ဓမာပန်းများ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးသူများသည် တစ်လခွဲသားပျိုးပင်များကို ပြင်ဦးလွင်မြို့မှ ဝယ်ယူကာ မြနှင်းဖြူ၊ စံပယ်ဖြူနှင့် ပဲနီမျိုး စသည့် ဈေးကွက်ဝင်မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်းသိရသည်။

အဆိုပါ ပန်းစိုက်ခင်းများတွင် မြေပေါ်ရေတင်စနစ်နှင့် မြေအောက်ရေတင်စနစ်များ ပေါင်းစပ်အသုံးပြုထားပြီး မြေ ၆၀ ပတ်လည် ဧရိယာအတွင်း အပင်ရေ ၂၅၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ငါးလအကြာ မတ်လလောက်တွင် ပထမအကြိမ် ပန်းများ စတင်ခူးဆွတ်ရောင်းချနိုင်သည်။ ကောင်းမွန်စွာ ပြုစုပျိုးထောင်ပါက တစ်ခါစိုက်လျှင် မျိုးဆက် သုံးသားအထိ ဆက်တိုက် ခူးဆွတ်နိုင်ပြီး တစ်ခါချိုးယူခူးဆွတ်ပြီးသည့် ဂန္ဓမာပန်းခင်းကို ဒုတိယအကြိမ် သွင်းအားစုများထည့်သွင်းပြီး ပြုစုပျိုးထောင်လျှင် သုံးလအကြာတွင် ပြန်လည်ချိုးယူခူးဆွတ်၍ ရောင်းချနိုင်ကြောင်း ဂန္ဓာမာစိုက်တောင်သူ ဦးမြင့်ဝင်းထံမှ သိရသည်။

ဈေးကွက်အခြေအနေအရ ဂန္ဓမာပန်း တစ်စည်းလျှင် လက်ကားဈေး ကျပ် ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး တစ်ရက်လျှင် ပန်းစည်းအရေအတွက် ၁၀၀ မှ ၁၅၀ အထိ ရောင်းချရပြီး လက်လီဈေးနှုန်းမှာ ကျပ် ၃၀၀၀ မှ ၆၀၀၀ အထိရှိကြောင်း တောင်ဒဂုံ(ကားကြီးဂိတ်)ပန်းဈေးမှ သိရသည်။

ဂန္ဓမာပန်းသည် အရောင်စုံလင်ပြီး ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ဝင် ပန်းတစ်မျိုးဖြစ်ကာ မြန်မာနိုင်ငံတွင်လည်း ဘာသာရေး၊ အိမ်တွင်းအလှဆင်ခြင်းနှင့် အခမ်းအနားများတွင် အသုံးများပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေသည့် လုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။ ***ကိုအောင်***

*(credit- ဒို့ကျေးလက်)*



# မြန်မာနယ်စပ်ဒေသတွေမှာ ရာဇဝတ်ဂိုဏ်းတွေ ဘယ်လိုရောက်လာသလဲ

**မင်းသော်**

**ယနေ့ကမ္ဘာ့သတင်းတွေမှာ KK Park၊ ရွှေကုက္ကိုလ်၊ မြဝတီနဲ့ လောက်ကိုင်လို့ ပြောလိုက်တာနဲ့ အွန်လိုင်းလိမ်လည်မှုတွေရဲ့ ဗဟိုအချက်အချာဆိုပြီး ဖော်ပြကြတာမျိုး မြင်တွေ့ရပါတယ်။ ဒီမှာ လူတွေအလိမ်အညာခံရတယ်၊ ထိခိုက်ခံစားကြရတယ်လို့ သတင်းတွေကဖော်ပြပြီး တည်နေရာကတော့ မိမိတို့နိုင်ငံနယ်စပ်ဒေသတွေပေ့ါ။ ဒါပေမယ့် အရင်းအမြစ်ကို ဖော်ထုတ်ရေးသားတဲ့မီဒီယာအချို့ တွေ့ရပေမယ့် အတော်လေး နည်းပါတယ်။ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်တာမရှိဘဲ မြန်မာနိုင်ငံက လူဆိုးဂိုဏ်းတွေ တည်ထောင်၊ တစ်ကမ္ဘာလုံးကလူတွေကိုခေါ် ဒုက္ခပေးနှိပ်စက်ညှဉ်းပန်းနေသယောင်ပါပဲ။**

ရာဇဝတ်ဂိုဏ်းကြီးတွေ မြန်မာ့မြေပေါ်မှာ မည်သို့မည်ပုံ အခြေချလာကြသလဲ။ မြန်မာအစိုးရကရော ဘယ်လိုတွေလုပ်ဆောင်နေသလဲစတဲ့မေးခွန်းတွေကို သူတို့သိစေလို၊ ချင့်ချိန်စေလိုပါတယ်။

အမှန်တရားကတော့ မြန်မာနိုင်ငံဟာ အခုလိုဒုစရိုက်လုပ်ငန်းတွေကို စတင်ခဲ့တာ၊ ပံ့ပိုးပေးတာနဲ့ ခွင့်ပြုခဲ့တာ လုံးဝ (လုံးဝ) မရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါဖြင့် လက်ရှိ မှိုလိုပေါက်လာခဲ့တဲ့ ဒုစရိုက်မှုအားလုံးက ဘယ်ကလာသလဲဆိုရင် ပြည်ပအခြေစိုက် ရာဇဝတ်အုပ်စုတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိပြီး သူတို့ဟာ မငြိမ်းချမ်းတဲ့ မြန်မာနယ်စပ်ဒေသတွေကို ဦးတည်၊ မြန်မာ့ပိုင်နက်နယ်မြေတွေကို အလွဲသုံးစားလုပ်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ်မှာ ရာဇဝတ်မှုတွေ ကျူးလွန်နေတာပဲဖြစ်ပါတယ်။

**မငြိမ်းချမ်းတဲ့နယ်မြေဖန်တီး၊ ဒုစရိုက်မှုတွေလုပ်ဆောင်**

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေ အများစုခြေကုပ်ယူရာနေရာတွေကို လေ့လာကြည့်မယ်ဆိုရင် နယ်စပ်ဒေသတွေနဲ့ အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းတွေ ထိန်းချုပ်ခံထားရတဲ့ ပဋိပက္ခတို့ တည်ရာနေရာတွေမှာ ရှိနေတာကို ထင်ရှားစွာမြင်တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာက ဥပဒေမဲ့နယ်မြေတစ်ခုလို့မြင်လာတဲ့နေရာဟာ KNU လို အကြမ်းဖက်သောင်းကျန်းသူအချို့ရဲ့ ကိုယ်ကျိုးစီးပွားကို မျက်နှာမူပြီး နိုင်ငံခြားရာဇဝတ်ဂိုဏ်းတွေကို ဖိတ်ခေါ်ခွင့်ပြုခဲ့ခြင်းရဲ့ အကျိုးဆက်ပဲဖြစ်ပါတယ်။

ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်လောက်မှာ စတင်အမြစ်တွယ်တဲ့ ရွှေကုက္ကိုလ်၊ ၂၀၂၀ ပြည့်နှစ်မှာစတင်တဲ့ KK park စတင်ပေါက်ဖွားရာမှာ KNU ခေါင်းဆောင်ပိုင်းအချို့ ပါဝင်ပတ်သက်နေတာကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါတယ်။ သူတို့ဟာ သူတို့ရဲ့စီးပွားရေးအမြတ်အစွန်းအတွက် နိုင်ငံတော်နဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာကို စတေးပြီး ပြည်ပရာဇဝတ်သားတွေကို သူတို့ရဲ့ဩဇာခံနယ်မြေတွေမှာ တံခါးဖွင့်ပေးခဲ့တာကြောင့်ပါပဲ။ ဒါကြောင့်ပဲ အခုလိုကြီးမားတဲ့ ဥပဒေမဲ့ ဒုစရိုက်ဇုန်ကြီးတွေဖြစ်လာတဲ့အထိ ကြီးမားလာခဲ့ရခြင်းလို့ ယူဆမိပါတယ်။

**အမျိုးသားရေးတာဝန်အနေနဲ့ စစ်ဆင်ရေးဆင်နွှဲ**

ဒီလိုဒုစရိုက်လုပ်ငန်းတွေဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာကို ကြီးမားစွာ ထိခိုက်စေတဲ့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများလည်း ဖြစ်ပေါ်စေတယ်ဆိုတာ မြန်မာနိုင်ငံအနေနဲ့ ကောင်းမွန်စွာသဘောပေါက်နားလည်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ ဒုစရိုက်ကွန်ရက်တွေကို မြန်မာ့မြေပေါ်ကနေ ပပျောက်စေဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စစ်ဆင်ရေးအသွင် အားသွန်ခွန်စိုက်နှိမ်နင်းလျက်ရှိတာကို မြင်တွေ့ရပါတယ်။

အနီးစပ်ဆုံးတင်ပြရရင် ၂၀၂၃ ခုနှစ်နှောင်းပိုင်းကနေစတင်လို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်မှုတွေကိုကြည့်ရင် သိနိုင်ပါတယ်။ လောက်ကိုင်ဒေသဟာ တရုတ်နိုင်ငံသားတွေကို ပစ်မှတ်ထားတဲ့ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တွေ တွင်ကျယ်နေတဲ့အတွက် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပဲ လိမ်လည်မှုတွေမှာဦးဆောင်သူတွေနဲ့ ပါဝင်ဆောင်ရွက်သူတွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်လွှဲပြောင်းပေးခြင်းတွေကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်က အလေးထားဆောင်ရွက်မှုတွေကြောင့် နိုင်ငံခြားသားအပါအဝင် လိမ်လည်ခံရသူ ၄၀၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းကလည်း နိုင်ငံတကာရာဇဝတ်မှုတွေကို အမှန်တကယ်တိုက်ဖျက်လိုတဲ့ မြန်မာတို့ရဲ့ဆန္ဒမှန်ကို ပြသတာပဲမဟုတ်ပါလား။

**နိုင်ငံခြားသား ခြောက်သောင်းကျော် လွှဲပြောင်းပေးပြီးဖြစ်**

လက်ရှိမှာတော့ ကရင်ပြည်နယ် မြဝတီနယ်စပ်မှာရှိတဲ့ KK Park နဲ့ ရွှေကုက္ကိုလ်ဒေသတွေမှာ တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF) နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး အကြိမ်ပေါင်း ၂၅ ကြိမ် ဆင်နွှဲခဲ့ပြီလို့ သိရပါတယ်။ အဲဒီဒေသတွေမှာ ဥပဒေမဲ့လုပ်ရပ်တွေဖြစ်တဲ့ လောင်းကစားနဲ့ လိမ်လည်မှုတွေ ကျူးလွန်ဖို့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စနစ်တကျဖြိုဖျက်လိုက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းတွေရဲ့အရင်းအမြစ်တွေ မြေလှန်ပစ်လိုက်သလိုမို့ အရင်းအမြစ်တွေ အတော်လေး ခြောက်ခန်းသွားစေခဲ့ပါပြီ။

နိုင်ငံတော်အစိုးရရဲ့ သတင်းထုတ်ပြန်ချက်တွေအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့အထိ KK Park အတွင်းမှာ အဆောက်အအုံ အလုံးပေါင်း ၆၃၅ လုံးအနက် ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီးကာ ရွှေကုက္ကိုလ်မှာ အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့တယ်လို့သိရပါတယ်။ အဲဒီမှာ အသုံးပြုနေတဲ့ ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀ သိမ်းဆည်းရမိဖျက်ဆီးခဲ့ခြင်းက မြန်မာနိုင်ငံအတွက်ရော၊ ကမ္ဘာ့ဒုစရိုက်မှုပပျောက်ရေးအတွက်ပါ ကြီးမားတဲ့အောင်မြင်မှုကြီးပါ။ ဆက်လက်ပြီးတော့လည်း အပြီးတိုင် ပပျောက်ရေးအတွက် အမြစ်ပြတ်ချေမှုန်းပစ်ဖို့လိုအပ်ပါတယ်။ ဒါမှသာ မြဝတီဒေသတစ်ဝိုက်မှာ အခုလိုလိမ်လည်မှုတွေ၊ လောင်းကစားမှုတွေစတဲ့ ဒုစရိုက်လုပ်ငန်းအားလုံး ပြန်လည်ခြေချခွင့်မရမှာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းတွေမှာ အတင်းအဓမ္မလုပ်ကိုင်နေရပြီး ပိတ်မိနေကြတဲ့ နိုင်ငံခြားသားတွေကို စနစ်တကျနဲ့ ကယ်ဆယ်ပေးခဲ့တာကလည်း မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရပဲဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား စုစုပေါင်း ၆၈၅၈၂ ဦးကို ပြန်လည်လွှဲပြောင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ထိုဒေသတွေမှာ ရောက်နေကြတဲ့ နိုင်ငံခြားသားတွေကို နိုင်ငံတော်က တာဝန်ယူပြီး သူတို့ရဲ့ သက်ဆိုင်ရာနိုင်ငံက ပြန်လည်မခေါ်ယူမချင်း ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းနဲ့ နိုင်ငံကြီးသားပီသစွာ တာဝန်ယူ စောင့်ရှောက်ပေးနေတာကိုလည်း ပြည်တွင်းသတင်းတွေမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။

**ပွဲလန့်တုန်းဖျာဝင်ခင်း**

ဒါပေမယ့် ယခုလို နှိမ်နင်းမှုတွေကြောင့် သူတို့ရဲ့အကျိုးစီးပွားပျက်စီးရကိန်းကြုံလာတဲ့အခါ အနာရှိသူအချို့က စပ်ကြသလို ပွဲလန့်တုန်းဖျာခင်းကြသူများကိုလည်း ဒီအခင်းအကျင်းမှာ မြင်တွေ့ရပါတယ်။ KNU/ KNLA နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေဟာ သူတို့ကသာ အွန်လိုင်းလောင်းကစားမှုတွေ တိုက်ဖျက်သယောင် အမည်ခံပြီး အချို့ကျေးရွာတွေကို ပစ်ခတ်ထိန်းချုပ်တာ၊ တရားမဝင် နိုင်ငံခြားသားအချို့ကို မြန်မာအစိုးရနဲ့တပ်မတော်ကိုမအပ်နှံဘဲ ဖမ်းဆီးထိန်းသိမ်းထားခြင်းတွေကိုဆောင်ရွက်နေပြီး အသေအပျောက်လည်းရှိတယ်လို့ ဒေသခံတွေထံက သတင်းတွေထွက်ပေါ်နေခဲ့ပါတယ်။ ဒါပေမယ့် သူတို့ကတော့ အွန်လိုင်းလိမ်လည်မှုတွေကို သူတို့ကပဲ တိုက်ဖျက်နေသယောင် နိုင်ငံတကာကိုတောင် လိမ်လည်ဖို့ကြိုးစားလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။

ထို့အတူပဲ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို အွန်လိုင်းလိမ်လည်မှုတွေကနေ ကာကွယ်ဖို့ Scam Center Strike Force (SCSF) ဖွဲ့စည်းဆောင်ရွက်နေတယ်လို့သိရပြီး အောက်လွှတ်တော်မှာလည်း မြန်မာ့အရေး ဆွေးနွေးမှုတွေလုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုနှိမ်နင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုနေတာကို တွေ့ရပါတယ်။

**“လက်ရှိမှာတော့ ကရင်ပြည်နယ် မြဝတီနယ်စပ်မှာရှိတဲ့ KK Park နဲ့ ရွှေကုက္ကိုလ်ဒေသတွေမှာ တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF) နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး အကြိမ်ပေါင်း ၂၅ ကြိမ် ဆင်နွှဲခဲ့ပြီလို့ သိရပါတယ်။ အဲဒီဒေသတွေမှာ ဥပဒေမဲ့လုပ်ရပ်တွေဖြစ်တဲ့ လောင်းကစားနဲ့ လိမ်လည်မှုတွေ ကျူးလွန်ဖို့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စနစ်တကျဖြိုဖျက်လိုက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းတွေရဲ့အရင်းအမြစ်တွေ မြေလှန်ပစ်လိုက်သလိုမို့ အရင်းအမြစ်တွေ အတော်လေး ခြောက်ခန်းသွားစေခဲ့ပါပြီ”**

မြန်မာဘက်ကို လွယ်လွယ်ကူကူအပြစ်တင်နေကြပေမယ့် တစ်ဖက်မှာ လူကုန်ကူးခံရသူတွေရဲ့ ထွက်ဆိုချက်တွေကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဒုစရိုက်မှုတွေရဲ့ အစပြုရာနေရာတွေကို ရှင်းရှင်းလင်းလင်း ညွှန်ပြနေတယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ရက်ပိုင်းက ပြည်တွင်းသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ကင်ညာနိုင်ငံသားတစ်ဦးက ဖြေဆိုထားတာကတော့ သူ့က ထိုင်းနိုင်ငံကနေ အလုပ်ခေါ်ယူတာ ခံရပါတယ်လို့ ဖြေကြားထားပါတယ်။

**ဘယ်နေရာမှာ လူကုန်ကူးခံရမှန်းတောင် မသဲကွဲကြသူများ**

နိုင်ငံသားသတင်းဌာနတစ်ခုမှာလည်း ဖိလစ်ပိုင်နိုင်ငံသား လူကုန်ကူးခံရသူက “ကျွန်တော့်ကိုခေါ်လာခဲ့တဲ့သူက ထိုင်းနိုင်ငံသားဖြစ်ပါတယ်။ ကျွန်တော်မြန်မာနိုင်ငံကို အရင်က မရောက်ခဲ့ဖူးပါဘူး”လို့ ဖြေကြားထားခဲ့ပါတယ်။ အဲဒါအပြင် ဗီယက်နမ်နိုင်ငံသားတစ်ဦးကလည်း “မြန်မာနိုင်ငံမှာ နေရပေမယ့် ကျွန်တော့်ကို ရိုက်နှက်တဲ့သူတွေက မြန်မာနိုင်ငံသားမဟုတ်ဘူး”လို့ ထွက်ဆိုခဲ့တာကို နိုင်ငံတကာသတင်းဌာနတွေမှာ ဖတ်ရှုခဲ့ရပါတယ်။ နိုင်ငံတကာသတင်းတွေနဲ့ လူကုန်ကူးမှုသတင်းတွေကို လေ့လာကြည့်တဲ့အခါ ဥပဒေစိုးမိုးမှုမရှိတဲ့ ဒီလိုနေရာတွေကိုရောက်လာတဲ့ နိုင်ငံခြားသားအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတာကို မသိခဲ့ကြတဲ့အပြင် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေတယ်ဆိုတာကိုလည်း အချိန်လွန်မှသိကြရတယ်လို့ ဖော်ပြထားပါတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် တရားမဝင် ဖြတ်သန်းဝင်ရောက်လာကြတယ်ဆိုတာ အထင်အရှားလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့်မြန်မာနိုင်ငံက နိုင်ငံတကာရာဇဝတ်မှုကို တိုက်ဖျက်ရာမှာ နယ်စပ်တစ်ဖက်ကမ်းက ထိုင်းနိုင်ငံရဲ့ ထိရောက်တဲ့ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးတကြီး လိုအပ်နေတယ်လို့ သုံးသပ်မိပါတယ်။ ဒီလို အကြမ်းဖက်သောင်းကျန်းသူတွေ ခြေကုပ်ယူထားတဲ့ မငြိမ်းချမ်းတဲ့နေရာမှာ ဒုစရိုက်မှု ပြုလုပ်တဲ့ အဆောက်အအုံတွေ မှိုလိုပေါက်လာနိုင်တာ၊ ဆက်သွယ်ရေးကွန်ရက်တွေ ရရှိလာတာ၊ အခြေခံအဆောက်အအုံ ရေ၊ မီးစတဲ့အရာတွေဟာ နောက်ကွယ်မှာရှိတဲ့ လောဘသားကောင်စီးပွားရေးသမားတွေရဲ့ ပံ့ပိုးမှုဖြစ်နိုင်ပြီး ဒါကိုလည်း နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြန်မာနဲ့ ထိုင်းနိုင်ငံက တာဝန်ရှိသူတွေ ပူးတွဲဖော်ထုတ်ကြရမယ်လို့ နားလည်မိပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ တရားမဝင်ကုန်သွယ်နေတဲ့ စီးပွားရေးသမားတွေကို ထိရောက်စွာ ဖမ်းဆီးအရေးယူပေးဖို့၊ လူမှောင်ခိုကူးရာမှာ အသုံးပြုနေတဲ့ တရားမဝင် လမ်းကြောင်းတွေကို အမှန်တကယ်ပိတ်ဆို့ပေးဖို့နဲ့ အွန်လိုင်းလိမ်လည်မှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ထိုင်းရင်းနှီးမြှုပ်နှံသူတွေကို စုံစမ်းဖော်ထုတ်အရေးယူပေးဖို့ လိုအပ်တယ်လို့ မြန်မာပြည်သူတစ်ဦးအနေနဲ့ မျှော်လင့်ပါတယ်။

အခုလို ဒုစရိုက်လုပ်ငန်းတွေဖြစ်ပေါ်နေတဲ့ နေရာဒေသတွေဟာ မြန်မာနိုင်ငံအတွင်းက တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းတဲ့မြို့တော်တွေမှာမဟုတ်ပါဘူး။ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ တိုက်ပွဲတွေကြားက မငြိမ်းချမ်းတဲ့အရပ်ဒေသတွေမှာသာဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြားထဲက တပ်မတော်ဟာ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေကို မြန်မာ့မြေပေါ်က အမြစ်ပြုတ်အောင် မြေလှန်ရှာဖွေဖော်ထုတ်နေတာပါ။ ဆောင်ရွက်တဲ့အခါ KNU အပါအဝင် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အစည်းတွေက သူတို့ကိုယ်ကျိုးထိခိုက်လာမှာစိုးရိမ်မှုနဲ့ အတူ လုပ်ကြံဖန်တီးမှုမျိုးစုံနဲ့ ပြန်လည်ခုခံမှုတွေ၊ ပြည်ပက ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားမှုတွေကိုလည်း ကြုံကြုံခံ ကျော်လွှားနေရပါသေးတယ်။

နိုင်ငံတော်အနေနဲ့ ဒီလိုနိုင်ငံဖြတ်ကျော်ဒုစရိုက်လုပ်ငန်းတွေကို မြန်မာ့မြေပေါ်ကနေ အမြစ်ပြတ် ဖယ်ရှားဖို့အတွက် ခိုင်မာတဲ့စိတ်ဆုံးဖြတ် ပိုင်းဖြတ်ထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းက မြန်မာနိုင်ငံကို ဝေဖန်ခြင်းမပြုခင်မှာ မြန်မာ့မြေပေါ်က စစ်မှန်တဲ့ နှိမ်နင်းမှုတွေ၊ တရုတ်နိုင်ငံနှင့်အတူ လက်တွဲပြီး နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုတွေကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်နေတဲ့အခြေအနေ၊ လူကုန်ကူးခံရသူတွေရဲ့ ထွက်ဆိုချက်တွေနဲ့ ပြဿနာရဲ့ အရင်းအမြစ်တွေကို မှန်ကန်မျှတတဲ့အမြင်နဲ့ ကြည့်ရှုသုံးသပ်သင့်ပါပြီလို့ တိုက်တွန်းလိုက်ရပါတယ်။

*မင်းသော်*

## ၂၀၂၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် ရုပ်ရှင်ကား ၇၀ ကျော် စိစစ်အကဲဖြတ်ကြည့်ရှု

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်နိုင်ရန် အကယ်ဒမီဆုစိစစ်ရေးလုပ်ငန်းများကို စတင်နေပြီး ရုပ်ရှင်ကား ၇၀ ကျော်ကို အကဲဖြတ်ကြည့်ရှုနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

အဆိုပါ အကယ်ဒမီဆုပေးပွဲအတွက် စိစစ်အကဲဖြတ်ရန် အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းထားပြီး ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူအောင် ဆောင်ရွက်နေပြီး အကဲဖြတ်အဖွဲ့အနေဖြင့် စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ၇၀ ကျော်ကို တစ်ရက်လျှင် ဇာတ်ကား နှစ်ကားမှ သုံးကားအထိ ပြီးစီးအောင် ကြည့်ရှုအကဲဖြတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ထို့အတူ ပထမအဆင့် ကြည့်ရှုအကဲဖြတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီလအတွင်း ပြီးစီးနိုင်ရန် မျှော်မှန်းထားပြီး ဒုတိယအဆင့် အကဲဖြတ်မှုများကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ မကျင်းပမီ သတ်မှတ်အချိန်မီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာတွင် ရုပ်ရှင်တစ်သက်တာဆု သုံးဆု၊ အထူးဆုတစ်ဆု အပါအဝင် အကယ်ဒမီဆု စုစုပေါင်း ၂၀ ဆုကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၄၉ ကား ရှိခဲ့ကာ ယင်းရုပ်ရှင်ဇာတ်ကားများအနက် ၁၈ ကားကို မြန်မာ့ရုပ်ရှင်စိစစ်အကဲဖြတ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ *ယမင်း*

## "TYGO" ရုပ်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်အဖြစ် ပါဝင်မည့် မာဒုန်ဆော့ခ်၊ အီဂျင်ဝုဂ်(ခ်)နှင့် လီဆာ


ဓာတ်ပုံ – asianwiki.com

Netflix ရုပ်သံ၏ အက်ရှင်သည်း ထိတ်ရင်ဖိုဇာတ်ကားဖြစ်သည့် "TYGO" အမည်ရှိ သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်လမ်းတွဲတွင် နာမည်ကျော် ကိုရီးယားအနုပညာရှင်များ ဖြစ်ကြသော မာဒုန်ဆော့ခ်၊ အီဂျင်ဝုဂ်(ခ်)နှင့် Black Pink အဖွဲ့ဝင် လီဆာတို့သည် အဓိကပါဝင်ထားကြောင်း သိရသည်။ TYGO (မာဒုန်ဆော့ခ်)နှင့် လီဆာတို့သည် သူငယ်ချင်းများဖြစ်ကြပြီး အသက်အန္တရာယ်များကို အတူတူ ကျော်ဖြတ်ကာ ကူညီရိုင်းပင်းကြသည့် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည်။ မစ်ရှင်တစ်ခုကိုအတူတူဆောင်ရွက်ရင်း အသက်အန္တရာယ်နှင့် ကြုံတွေ့လာရသည့် လီဆာအား ကယ်တင်ရမည့် ဇာတ်လမ်းဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း ထွက်ရှိလာမည် ဖြစ်သည်။

အဆိုပါဇာတ်လမ်းကို ၂၀၂၂ ခုနှစ်ကထွက်ရှိခဲ့သော မာဒုန်ဆော့ခ်၏ နာမည်ကြီး "The Roundup" ဇာတ်ကား၏ ဒါရိုက်တာအီဆန်းယွန်းက ရိုက်ကူးပြီး Big Punch Pictures နှင့် AGBO တို့က ထုတ်လုပ်ထားသည်။ ယင်းဇာတ်ကားအတွက် အီဂျင်ဝုဂ်(ခ်)အနေဖြင့် ကိုယ်အလေးချိန်တက်အောင် ကြိုးစားခဲ့ပြီး မုတ်ဆိတ်မွေးများလည်း ထားခဲ့သည်။ ထို့အတူ လီဆာအနေဖြင့် မနှစ်ကထုတ်လွှင့်ခဲ့သည့် White Lotus အတွဲ (၃)တွင် ပါဝင်ခဲ့ပြီး သူမ၏ရိုးရှင်းသည့် သရုပ်ဆောင်ချက်များအပေါ် မှတ်ချက်ကောင်းများ ရရှိခဲ့သည်။ ယခုရုပ်ရှင်ကို လက်ခံရိုက်ကူးခဲ့သည့် လီဆာသည် Black Pink အဖွဲ့ဝင်များအနက် တောင်ကိုရီးယားရုပ်ရှင်တွင် ပထမဦးဆုံး ခေါင်းဆောင်မင်းသမီးနေရာမှ ပါဝင်ရသူ ဖြစ်လာခဲ့သည်။ *ရွှန်းပြည့်*

## ၄၈ သင်းပါဝင်သည့် ကမ္ဘာ့ဖလားသည် အရည်အသွေး လျော့ကျမည်မဟုတ်ကြောင်း ဖီဖာဆို



ဓာတ်ပုံ – espn.com

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်း ၄၈ သင်းအထိ အရေအတွက် တိုးမြှင့်ကျင်းပခြင်းသည် ပြိုင်ပွဲ၏ အရည်အသွေးကို လျော့ကျစေမည်မဟုတ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကမ္ဘာလုံးဆိုင်ရာ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အကြီးအကဲ အာဆင်ဝင်းဂါးက ကာကွယ်ပြောဆိုလိုက်ကြောင်း သိရသည်။

ယခုနှစ်ပြိုင်ပွဲတွင် ဖီဖာက အသင်းအရေအတွက်ကို တိုးမြှင့်ထားသောကြောင့် ပြိုင်ပွဲအရည်အသွေး လျော့ကျနိုင်ခြင်း ရှိ/မရှိအပေါ် ပရိသတ်များက စိုးရိမ်မှုများဖြစ်လျက်ရှိသည်။ အာဆင်ဝင်းဂါးက "အသင်း ၄၈ သင်းဟာ သင့်တော်တဲ့အရေအတွက်ပါပဲ။ ဖီဖာနဲ့ဆက်နွယ်နေတဲ့ နိုင်ငံပေါင်း ၂၁၁ နိုင်ငံရဲ့ ၂၅ ရာခိုင်နှုန်းအောက်ပဲ ရှိပါတယ်။ အသင်းလေးသင်းထဲက တစ်သင်းယှဉ်ပြိုင်ခွင့်ရတဲ့ အဓိပ္ပာယ်ဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကတော့ ယှဉ်ပြိုင်ခွင့်မရပါဘူး။ ကျွန်တော်ကတော့ ဒါကို အကောင်းဘက်ကမြင်ပါတယ်" ဟု ဆိုသည်။ ဖီဖာသည် မကြာသေးမီက ကျင်းပခဲ့သည့် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း အသင်းပေါင်း ၄၈ သင်းဖြင့်ကျင်းပခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ ဖီဖာသည် ကမ္ဘာ့ဖလားပြိုင်ပွဲ လက်မှတ်များကို ကြေညာခဲ့ရာတွင်လည်း ဈေးနှုန်းများ အဆမတန်မြင့်တက်နေသည့်အတွက် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ *ကျော်ကြီး(Sport)*

## ၂၀၂၅ ခုနှစ် ဖီဖာ အကောင်းဆုံး ဂိုးသမားဆုကို ဒွန်နာရမ်မာနှင့် ဟမ်တန်တို့ ဆွတ်ခူး


ဓာတ်ပုံ – espn.com

၂၀၂၅ ခုနှစ်အတွက် ဖီဖာ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို အမျိုးသားဂိုးသမား ဒွန်နာရမ်မာနှင့် အမျိုးသမီးဂိုးသမား ဟမ်တန်တို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဒွန်နာရမ်မာသည် မန်စီးတီးအသင်းသို့ မပြောင်းရွှေ့မီ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို လီဂူးဝမ်းဖလား၊ ကိုပါဒယ်ရေးဖလား၊ စူပါဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးခဲ့ရာတွင် အဓိကကစားသမား တစ်ဦးအဖြစ် စွမ်းဆောင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။


၎င်းသည် အဆိုပါဆုအတွက် လီဗာပူးဂိုးသမား အယ်လီဆန်၊ ရီးရဲလ်မက်ဒရစ် ဂိုးသမား ကော့တွိုက်၊ အက်စတွန်ဗီလာဂိုးသမား မာတီနက်ဇ်၊ ဘိုင်ယန်မြူးနစ် ဂိုးသမား နူအာ၊ အာဆင်နယ် ဂိုးသမား ရာယာ၊ အင်တာမီလန်ဂိုးသမား ဆွန်မာ၊ ဘာစီလိုနာ ဂိုးသမားဆက်ဇ်နီတို့ကို ကျော်ဖြတ်ကာ တစ်နှစ်တာ အကောင်းဆုံး ဂိုးသမား အဖြစ် ရွေးချယ်ခံရခြင်း ဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းနှင့် အင်္ဂလန်အသင်းတို့တွင် ကစားနေသည့် အမျိုးသမီးဂိုးသမား ဟမ်တန်က ချဲလ်ဆီးအသင်းကို အမှတ်ပေးဆုဖလား ရယူပေးခဲ့သည့်အပြင် အင်္ဂလန်အသင်းကိုလည်း ၂၀၂၅ UEFA ဗိုလ်လုပွဲစဉ်၌ ပင်နယ်တီ နှစ်ကြိမ်ကာကွယ်၍ အသင်းကို ဆုဖလား ရယူပေးနိုင်ခဲ့သည့်အတွက် တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *ကျော်ကြီး(Sport)*

## တတိယမြောက် "28 Years Later" ဇာတ်ကားသစ် ဆက်လက်ရိုက်ကူးရန် စီစဉ်နေ

တတိယမြောက် "28 Years Later" ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးရန်အတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း သိရသည်။ ဆိုနီရုပ်ရှင်ကုမ္ပဏီသည် ဒုတိယမြောက် "28 Years Later: The Bone Temple " ဇာတ်ကား ရိုက်ကူးခဲ့ပြီးနောက် တတိယမြောက် "28 Years Later" ဇာတ်ကားကို ဆက်လက်ရိုက်ကူးရေးအတွက် စီစဉ်နေခြင်းဖြစ်သည်။

တတိယမြောက် "28 Years Later" ဇာတ်ကားတွင် အော်စကာဆုရ ရုပ်ရှင်မင်းသား စီလီယံမာဖီ ပြန်လည်ပါဝင်လာဖွယ်ရှိကြောင်း သိရသည်။ လက်ရှိတွင် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား စီလီယံမာဖီနှင့် ဆိုနီရုပ်ရှင်ကုမ္ပဏီတို့ကြား ဆွေးနွေးနေပြီး မင်းသားစီလီယံမာဖီသည် မူလ "28 Years Later "နှင့် ဒုတိယမြောက် ဇာတ်ကားဖြစ်သည့် "28 Years Later: The Bone Temple" ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။ ထို့အတူ ဆိုနီရုပ်ရှင်ကုမ္ပဏီသည် "28 Years Later: The Bone Temple" ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ *ယမင်း*


ဓာတ်ပုံ – fandom.com


# ကမ္ဘာတစ်ဝန်း လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ကြောင်း WMO ထုတ်ပြန်

ကမ္ဘာတစ်ဝန်း လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လာနီညာရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့မှ စတင်ဖြစ်ပေါ်လာမည်ဖြစ်ပြီး လာနီညာရာသီဥတုကြောင့် ရာသီဥတုလွန်ကဲမှုများဖြစ်ပေါ်လာနိုင်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သလို မိုးခေါင်ရေရှားပါးမှု ပြဿနာများနှင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က ထုတ်ပြန်ထားသည်။

"ကမ္ဘာတစ်ဝန်း လာနီညာနဲ့ရင်ဆိုင်ရဖွယ်ရှိတယ်။ အဆိုးဆုံးကာလကတော့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလပဲ ဖြစ်ပါတယ်။ ဇန်နဝါရီလကနေ ဧပြီလအတွင်း လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်ပါတယ်။ လာနီညာရာသီဥတုကြောင့် နိုင်ငံတချို့မှာ ရေရှားပါးမှု ဖြစ်ပေါ်နေသလို ရေကြီးရေလျှံမှုတွေလည်း ဖြစ်ပေါ်နေပါတယ်"ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*



ဓာတ်ပုံ - ias.com

# အီရန်ရီရယ်လ်ငွေကြေးတန်ဖိုး စံချိန်တင်ကျဆင်းမှုကြောင့် ဒေသတွင်းတင်းမာမှုများမြင့်တက်

အီရန်နိုင်ငံ၏ ရီရယ်လ်ငွေ တန်ဖိုးသည် စံချိန်တင်ထပ်မံကျဆင်းလျက်ရှိပြီး အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ရီရယ်လ်ငွေ ၁ ဒသမ ၃ သန်းကျော်ထိ ဈေးပေါက်နေကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးသည် အားနည်းလျက်ရှိပြီး ဒေသတွင်းတင်းမာမှုများ မြင့်တက်နေသောကြောင့် အီရန်နိုင်ငံ၏ ရီရယ်လ်ငွေကြေးတန်ဖိုး စံချိန်တင် ထပ်မံကျဆင်းခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ တီဟီရန်မြို့ ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ရီရယ်လ် ငွေ ၁ ဒသမ ၃ သန်းနှင့်အထက် ဈေးပေါက်ခဲ့ကြောင်း သိရသည်။ ရီရယ်လ်ငွေတန်ဖိုး စံချိန်တင် ကျဆင်းလာမှုကြောင့် အီရန်ပြည်တွင်း၌ အခြေခံစားသောက်ကုန်များနှင့် အခြားမရှိမဖြစ် လူသုံးကုန်များ



ဓာတ်ပုံ - 24news.com

ဈေးမြင့်တက်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

အီရန်နိုင်ငံတွင် လောင်စာဆီဈေးနှုန်းသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးသော်လည်း ရီရယ်လ်ငွေကြေးကျဆင်းလာသောကြောင့် လောင်စာဆီဈေးနှုန်းမှာလည်း ယခင်ကထက် မြင့်တက်လာလျက်ရှိသည်။ အထူးသဖြင့် အသားနှင့် ဆန်ကဲ့သို့သော အဓိကစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်ခြင်းသည် ဝယ်ယူမှုစွမ်းအားကို လျော့ကျစေမည့် အန္တရာယ်ရှိကြောင်း ဘောဂဗေဒပညာရှင်များက သတိပေးထားသည်။


၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် အီရန်နိုင်ငံသည် စီးပွားရေး အရေးယူပိတ်ဆို့မှုများနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရသည်။ ၂၀၁၅ နျူကလီးယား သဘောတူညီချက် တည်မြဲခဲ့စဉ်က အီရန်နိုင်ငံ၏ ရီရယ်လ်ငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ရီရယ်လ်ငွေ ၃၂၀၀၀ သာ ရှိခဲ့ကြောင်း သိရသည်။ *ကျော်ကျော်*

# အာကာသဒုံးပျံယာဉ်ဖြင့် လိုက်ပါမည့် ပထမဆုံးမသန်စွမ်းအမျိုးသမီးယာဉ်မှူး

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီက လွှတ်တင်မည့် NS-37 New Shepard အာကာသဒုံးပျံယာဉ်ဖြင့် လိုက်ပါမည့် အာကာသယာဉ်မှူးများထဲတွင် ဘီးတပ်ကုလားထိုင်အသုံးပြုနေရသည့် မသန်စွမ်းအမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် NS-37 မစ်ရှင်တွင်လိုက်ပါမည့်အာကာသယာဉ်မှူးခြောက်ဦးတို့၏ အမည်စာရင်းကြေညာခဲ့ရာ အဆိုပါမစ်ရှင်တွင် ပါဝင်မည့် အာကာသယာဉ်မှူးခြောက်ဦးအနက် မီချီတင်သာယပ်စ်အမည်ရှိ အမျိုးသမီးအာကာသယာဉ်မှူးမှာ ဘီးတပ်ကုလားထိုင် အသုံးပြုနေရသည့် အမျိုးသမီးတစ်ဦးဖြစ်ပြီး အာကာသဟင်းလင်းပြင် အနားစပ်သို့ သွားရောက်မည့် ပထမဆုံး မသန်စွမ်းအာကာသယာဉ်မှူး ဖြစ်လာမည်ဖြစ်သည်။

ယခုမစ်ရှင်သည်အာကာသယာဉ်မှူးများ လိုက်ပါမည့် ၁၆ ကြိမ်မြောက်မစ်ရှင်ဖြစ်ပြီး ဘလူးအော်ရီဂျင်ကုမ္ပဏီသည် NS-37 New Shepard မစ်ရှင်လွှတ်တင်မည့်အချိန်ကိုကြေညာခြင်း မရှိသေးကြောင်း သိရသည်။ *ကိုတင့်*


ဓာတ်ပုံ - aol.com

# ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေခဲပြင်ကြီးတချို့ လုံးဝပျောက်သွယ်သွားနိုင်သည်ဟု သုတေသီများဆို


ဓာတ်ပုံ - anair.com

ရေခဲပြင်ကြီးအချို့သည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပျောက်ကွယ်သွားနိုင်ဖွယ် ရှိနေကြောင်း တူကီယဲနိုင်ငံအခြေစိုက် အစ္စတန်ဘူးလ် နည်းပညာတက္ကသိုလ်မှ သုတေသီများက ဆိုသည်။

သုတေသီများသည် ရာသီဥတုဖောက်ပြန်မှုများနှင့် ဆက်စပ်၍ရေခဲပြင်များ အရည်ပျော်ကျမှုနှုန်း မြင့်မားနေခြင်းကို သုတေသနပြုလုပ်ခဲ့သည့် ရလဒ်များအရ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလတွင် ရေခဲပြင်အရည်ပျော်ကျမှုများကြောင့် ရေမျက်နှာပြင် မြင့်တက်လာနိုင်ပြီး နိုင်ငံတချို့သည် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ရေခဲပြင်များ အရည်ပျော်ကျမှုသည် ဆက်စပ်နေသည့်အတွက် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်ရေးမှာ အရေးကြီးဆုံးဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာမြေကြီး ပူနွေးမှုနှုန်းက နှစ်ဒီဂရီစင်တီဂရိတ်ကနေ သုံးဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီးတော့ ရေခဲပြင်အရည်ပျော်ကျမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်က ရေခဲပြင်တွေဟာ အရည်ပျော်ကျမှုနှုန်း မြန်ဆန်နေပါတယ်။ ရေခဲပြင်တချို့ဟာ ၂၀၅၀ ပြည့်နှစ်ကျရင် လုံးဝပျောက်ကွယ်သွားနိုင်တာကြောင့် ကမ္ဘာကြီးပူနွေးမှုကို အမြန်ဆုံးထိန်းချုပ်သွားဖို့ လိုအပ်နေပါတယ်"ဟု သုတေသီအော်ဟန်အင့်က ပြောကြားခဲ့ကြောင်း သိရသည်။ *ကျော်ကျော်*

# အိန္ဒိယနိုင်ငံ၏ ဒီပါဝလီပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်

အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီပွဲတော်ကို ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ယူနက်စကိုအစည်းအဝေးတွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းအတွက် နိုင်ငံပေါင်း ၇၈ နိုင်ငံက အဆိုပြုတင်သွင်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်စာရင်းများကို စိစစ်ရွေးချယ်ခဲ့ပြီး ယခုဆုံးဖြတ်ချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ယူနက်စကိုအဖွဲ့၏ အဆိုပါ ဆုံးဖြတ်ချက်နှင့် ကြေညာချက်ကို ကြိုဆိုကြောင်း၊ ဒီပါဝလီပွဲတော်သည် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်သွားခြင်းကြောင့် ထိုပွဲတော်ကို ကမ္ဘာသိထင်ရှားသွားစေမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီကပြောသည်။

ထို့ပြင် ဒီပါဝလီပွဲတော်သည် ပြည်သူများကိုဗဟိုပြုသည့် ပွဲတော်ပုံစံဖြစ်ပြီး လူသန်းပေါင်းများစွာက ပါဝင်ဆင်နွှဲကြကြောင်း၊ ပွဲတော်တွင်ရိုးရာဆီမီးခွက်ပြုလုပ်သူများ၊ ရိုးရာအလှဆင်သည့် ပညာရှင်များ၊ လယ်သမားများ၊ မုန့်ချိုပြုလုပ်သူများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူများအားလုံး ပါဝင်ကြောင်း ဖက်ဒရယ်ယဉ်ကျေးမှုဝန်ကြီး ဂါဂျန်ဒရာဆင်းရှီခါဝက်က ဆိုသည်။

ဒီပါဝလီပွဲတော်သည် အိန္ဒိယနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင်လည်း အိန္ဒိယလူမျိုးများပါဝင်ဆင်နွှဲကြသည့် ယဉ်ကျေးမှုပွဲတော်ကြီး


ဓာတ်ပုံ - np.com

ဖြစ်ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ဗိုလ်ကျေးရွာဗေဒင်

## ၁၅-၁-၂၀၂၆ မှ ၃၁-၁-၂၀၂၆ အထိ

**ဝင်းမင်း (B.Sc)**



**တနင်္ဂနွေ**။ လုပ်ငန်းအတွက် အလားအလာကောင်းများ ကြုံတွေ့နေရသော်လည်း မထင်မှတ်ထားသော နှောင့်နှေးမှုမျိုး ကြုံနေရတတ်သည်။ ငွေကြေးအခြေအနေ တိုးတက်ရရှိနေတတ်သည်။ ကျန်းမာရေး ပြဿနာအထူးမရှိပါ။ အချစ်ရေးက ကောင်းမွန်ပြီး စန်းပွင့်နေတတ်သည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျဖို့ ဖြစ်လာတတ်သည်။

*ယတြာ။ မွေးနေ့တွင် အနီရောင်အလင်းတိုင် ခြောက်တိုင်ကို အိမ်ရှိဘုရားတွင် ထွန်းညှိပူဇော်ပေးပါ။*




**တနင်္လာ**။ လုပ်ငန်း/ငွေကြေး တိုးတက်မှုများရှိနေမည်။ အထက်လူကြီးများ၊ သြဇာရှိသူများ၏ ကူညီမှုဖြင့် အောင်မြင်မှုရမည်။ ငွေကြေးက အထူးကောင်းမွန်နေမည်။ ကျန်းမာရေး ဝမ်းဗိုက်ပြဿနာ သတိထားပါ။ အချစ်ရေးတွင် ချစ်သူနှင့် ပြဿနာဖြစ်၍ လမ်းခွဲရသည်ထိ ဖြစ်တတ်သည်။ အိမ်ထောင်ရေး ပဋိပက္ခမျိုး ကြုံရတတ်သော်လည်း ပြေလည်သွားပါမည်။ ပညာရေး မထင်မှတ်ထားသော အခက်အခဲမျိုးကြုံရတတ်ပြီး ခေတ္တတုံ့ဆိုင်းသွားတတ်သည်။

*ယတြာ။ တနင်္လာနေ့ မွန်းမလွဲမီ စေတီတစ်ဆူ၏ မွေးနံထောင့်၌ တံခွန်အဖြူနှစ်လက် လှူပေးပါ။*



**အင်္ဂါ**။ လုပ်ငန်း အဆင်ပြေနေမည်။ မိတ်ဆွေများ အကူအညီရကာ တိုးတက်မှုကြုံမည်။ ကျန်းမာရေး ရုတ်တရက်ချို့ယွင်းကာ ဆေးရုံတက်ရောက်ကုသရသည်ထိ ဖြစ်တတ်သည်။ အာရုံကြော၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါမျိုးထဲမှ သတိပြုပါ။ အချစ်ရေး ယာယီအားဖြင့် အဆက်အသွယ်မရ ဖြစ်နေတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေနေမည်။ ပညာရေး ကြိုးစားသလောက် အောင်မြင်မှုရမည်။

*ယတြာ။ အင်္ဂါနေ့ မွန်းမလွဲမီ စာကလေး သုံးကောင်လွှတ်ပေးပါ။*




**ဗုဒ္ဓဟူး**။ လုပ်ငန်း/ငွေကြေးပိုင်း ပုံမှန်လည်ပတ်နေမည်။ အလုပ်နေရာ ပြောင်းရန် ကြုံလာတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေးက ကောင်းမွန်အဆင်ပြေနေမည်။ အိမ်ထောင်ရေး အဆင်ပြေသာယာနေမည်။ ပညာရေးက သာမန်သာရှိနေမည်။ ဝီရိယထား၍ ကြိုးစားရန်လိုပါသည်။

*ယတြာ။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပြီးနောက် စေတီတစ်ဆူ၏ မွေးနံထောင့်တွင် အဝါရောင်အောင်လံ လေးလက် ကပ်လှူပေးပါ။*



**ကြာသပတေး**။ လုပ်ငန်းမရေမရာအခြေအနေမျိုး ကြုံနေရတတ်သည်။ ဆက်လုပ်သင့်မသင့် ဝေခွဲမရ ဖြစ်နေတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အကြောတက်ခြင်း၊ ခြေလက် ထိခိုက်ခြင်းမျိုး သတိပြုပါ။ ချစ်သူ၏ တစ်ဖက်သတ်လမ်းခွဲခြင်းမျိုး ကြုံရတတ်သည်။ အိမ်ထောင်ရေး ပြဿနာမရှိနိုင်ပါ။ ပညာရေးက အထူးကောင်းမွန်နေမည်။

*ယတြာ။ ကြာသပတေးနေ့ နံနက် ၁၁ နာရီခန့်တွင် စေတီတစ်ဆူ၏ မွေးနံထောင့်၌ စံပယ်ပန်း ငါးကုံးလှူဒါန်းပေးပါ။*



**သောကြာ**။ လုပ်ငန်းအခြေအနေ သင့်တင့်စွာ ကောင်းမွန်နေမည်။ ငွေကြေးတွင် လက်အောက်ငယ်သားအချို့ကြောင့် ဆုံးရှုံးမှုအချို့ ကြုံရတတ်၍ သတိပြုပါ။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေးက အထူးကောင်းမွန်၍ အဆင်ပြေပျော်ရွှင်နေမည်။ ပညာရေး ကြိုးစားသည်ထက် ပိုမိုအောင်မြင်တတ်သည်။

*ယတြာ။ သောကြာနေ့ နံနက်ပိုင်းတွင် အိမ်ရှိဘုရား၌ ပန်းကန်တစ်ချပ်ထဲ ဆီးယို ရှစ်ခုဆွန်းထည့်၍ ကပ်လှူပေးပါ။*



**စနေ**။ လုပ်ငန်း အပြိုင်အဆိုင်များစွာ ကြုံနေရတတ်ပြီး ငွေကြေး အကျပ်အတည်းအချို့ ကြုံနေရတတ်သည်။ ကျန်းမာရေး အထူးညံ့တတ်သည်။ ပြင်းထန်သောရောဂါမျိုး ခံစားရတတ်သည်။ အချစ်ရေးပြဿနာမရှိသော်လည်း တစ်နေရာဆီ ရောက်နေရသော အခြေအနေမျိုး ဖြစ်နေတတ်သည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်၏ မှုမမှန်သော အပြုအမူများကြောင့် သောကရောက်နေရတတ်သည်။ ကျန်းမာရေးကြောင့် ပညာရေး နှောင့်နှေးတတ်သည်။

*ယတြာ။ စနေနေ့ ညနေ လေးနာရီအချိန်တွင် စေတီတစ်ဆူ၏ မွေးနံထောင့်၌ ပိတောက် ၁၀ ညွန့် ကပ်လှူပေးပါ။*

# ပင်လောင်း၊ ဟိုပုံး၊ လွိုင်လင်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဟိုပုံး၊ လွိုင်လင်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဒီဇင်ဘာလအတွင်း ဘိန်းစိုက်ခင်း စုစုပေါင်း ၁၆၁ ဧကခန့်ကို ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ပင်ကာလာကျေးရွာအနီး စိုက်ပျိုးထားသော ဘိန်းခင်း ၂၃ ဧကခန့်နှင့် လူဖွဲ့ခြမ်းကျေးရွာအနီး စိုက်ပျိုးထားသော ဘိန်းခင်းဧက ၂၀ ခန့်တို့ကို လည်းကောင်း၊ ဟိုပုံးမြို့နယ် နောင်လိုင်မူဖိတ်ကျေးရွာအုပ်စု ပါခက်ကျေးရွာအနီးရှိ ဘိန်းခင်း ၂၅ ဧကခန့်အားလည်းကောင်း၊ လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဝါးတောကျေးရွာအနီး စိုက်ပျိုးထားသော ဘိန်းခင်း ဧက ၄၀ ခန့်နှင့် နောင်တောင်းကျေးရွာအနီးရှိ ဘိန်းခင်း ၂၅ ဧကခန့်တို့ကို လည်းကောင်း၊ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ဘန်နောင်ကားကျေးရွာအနီး၌ စိုက်ပျိုးထားသော ဘိန်းခင်း ၂၈ ဧကခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များက အသီးသီးဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ *ကိုအောင်*

# ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်၊ လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်ပါသည်။
- ဆေးလိပ်သောက်ခြင်းကို ရပ်တန့်လိုက်လျှင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်ခြင်း၊ သွေးပေါင်ချိန်တက်ခြင်း စသည်တို့ လျော့ကျသွားပါမည်။
- နောက်ထပ် ၁၂ နာရီအကြာတွင် အဆိပ်ငွေ့ဖြစ်စေသော ကာဗွန်မိုနောက်ဆိုဒ်(Carbon monoxide)သွေးတွင်းတွင် ပါဝင်မှုလျော့ကျစေ၍ အောက်စီဂျင်ပမာဏ ပြန်တက်လာပါမည်။ နောက်ထပ် ၂ ပတ်မှ ၁၂ ပတ်အတွင်း ခန္ဓာကိုယ်အတွင်း သွေးလှည့်ပတ်မှုစနစ်နှင့် အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာကောင်းမွန်လာပါမည်။
- ဆေးလိပ်သောက်သူများသည် မသောက်သူများထက် အဆုတ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ ၂၂ ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါသည်။ *ကျန်းမာရေးဝန်ကြီးဌာန*

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။ *မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန*




## စပါးခင်းတွင် သတိပြုသင့်သည့် ဖြုတ်ပိုးအန္တရာယ်

မြန်မာနိုင်ငံတွင် အဓိကကျရောက်လေ့ရှိသည့် စပါးဖြုတ်ပိုးအမျိုးအစား သုံးမျိုးရှိပြီး ယခုကာလ သတိပြုသင့်သည့် စပါးခင်းကို အဓိကဖျက်ဆီးတတ်သော ဖြုတ်ပိုးမှာ ဖြုတ်ညိုနှင့် ဖြုတ်ကျောဖြူတို့ ဖြစ်ကြပါသည်။

### *ကျရောက်သည့်အချိန်*

ဖြုတ်ညိုပိုးသည် အပူချိန် (၂၇-၃၂) ဒီဂရီစင်တီဂရိတ်ကြား၊ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် မိုးဆက်တိုက်ရွာသွန်းသော သို့မဟုတ် မိုးအုံ့ဆိုင်းသော ကာလများတွင် များသောအားဖြင့် ကျရောက် ဖျက်ဆီးတတ်ပါသည်။ အပင်ဦးရေကျပ်ခြင်း၊ လေဝင်လေထွက်နည်းခြင်း၊ နိုက်ထရိုဂျင်မြေဩဇာလွန်ကဲခြင်း၊ စိုက်ခင်းအတွင်း ရေအမြဲရှိနေခြင်း စသည့် အခြေအနေများသည် ဖြုတ်ညိုပိုး ကျရောက်မှုကို အားပေးသော အခြေအနေများ ဖြစ်ကြပါသည်။

### *ဖျက်ဆီးပုံလက္ခဏာများ*

စပါးဖြုတ်ညိုပိုးသည် စပါးပင်၏ ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး မြက်တူပင်တူရောဂါနှင့် စုတ်ပြတ်လိမ်တွန့်ဗိုင်းရပ်စ်ရောဂါများကို ကူးစက်စေပါသည်။ ဖြုတ်ကျောဖြူသည်လည်း ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး စပါးအနက်စင်း ပင်ပုဗိုင်းရပ်စ်ရောဂါကို ကူးစက်စေပါသည်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

ဖြုတ်ပိုးကျရောက်သော ဒေသများတွင် သက်လျှင်(သက်တမ်းတို) စပါးမျိုးကို စိုက်ပျိုးပါ။ မျိုးစေ့နှုန်းထားလျှော့၍ အပင်ဦးရေ ကျဲကျဲစိုက်ပါ။ နိုက်ထရိုဂျင်မြေဩဇာကို စပါးပင်အဓိကလိုအပ်ချိန်များတွင် အလီလီခွဲ၍ကျွေးပါ။ ဖြုတ်ပိုးကျရောက်ပါက မဖြစ်မနေ ရေထုတ်ပေးပါ။ ဖြုတ်ပိုးကျရောက်ရန် အားပေးသော ရာသီဥတုအခြေအနေရှိပါက စိုက်ခင်းကြိုတင်ရေထုတ်ပြီး လေကြောင်းခွဲပေးပါ။ လက်ခံပင်ပေါင်းမြက်များဖြစ်သည့် မြက်မုန်ညင်း၊ ဝမ်းဘဲစာများကို ဖယ်ရှားပါ။ မီးထောင်ချောက်အသုံးပြုပါ။ ပိုတက်ရှ်မြေဩဇာကို မဖြစ်မနေသုံးစွဲပေးပါ။

***ကိုးကား*** - အစိမ်းရောင်လမ်း




## တဖြုတ်ဖြုတ် (Pymetrozine 50% + Nitenpyram 20% WDG)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိ ရေဖျော်ပိုးသတ်ဆေးခဲ**

**အသုံးပြုရန်နှုန်းထား**

စပါး - တစ်ဧကလျှင် (၅၀-၁၀၀) ဂရမ်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ (၃)ကြိမ်။
- ဆေးဖျန်းခြားရက် (၇)ရက်။
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ။
- တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲများကျင်းပတော့မည့် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံ



ဓာတ်ပုံ – thenation.com

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရွေးကောက်ပွဲများကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့၌ ရွေးကောက်ပွဲများ ကျင်းပသွားမည်ဟု ရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ လက်ထက်နောက်ပိုင်း ၁၈ လ အကြာတွင် ရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလကို သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယနိုင်ငံသို့ တိမ်းရှောင်ခဲ့ရပြီးနောက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မူဟမ်မက် ယူနွတ်ဦးဆောင်သည့် အိမ်စောင့်အစိုးရအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဦးဆောင်လျက်ရှိသည်။ ယခုရွေးကောက်ပွဲသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပါကစ္စတန်နိုင်ငံထံမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပမည့် ၁၃ ကြိမ်မြောက် ရွေးကောက်ပွဲဖြစ်သည်။

ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်ကို နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် ဘီအင်န်ပီနှင့် အခြားနိုင်ငံရေးပါတီများက ကြိုဆိုခဲ့ကြသော်လည်း ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီကမူ ရွေးကောက်ပွဲကို ကန့်ကွက်ထားသည်။

ထိုင်းနိုင်ငံတွင် မကြာသေးမီက လွှတ်တော်ဖျက်သိမ်းကြောင်း ကြေညာချက်နှင့်အတူ လာမည့်ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ် အနုတင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ အတိုက်အခံလွှတ်တော်အမတ်များနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပွားပြီးနောက် လွှတ်တော်ကိုဖျက်သိမ်းခဲ့သည်။

ယခုရွေးကောက်ပွဲတွင် အနုတင်၏ ဘုရင်စနစ်လိုလားသော ဘွမ်ဂျိုင်းထိုင်းပါတီနှင့် အကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် ပြုပြင်ပြောင်းလဲရေးလိုလားသော ပြည်သူ့ပါတီတို့အကြား အဓိကအားပြိုင်လာဖွယ်ရှိကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က BBC သတင်းဌာနကို တရားစွဲ လျော်ကြေးတောင်း

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အင်္ဂလန်အခြေစိုက် BBC သတင်းဌာနကို ၎င်းအားအသရေဖျက်မှုဖြင့် တရားစွဲဆိုလိုက်ပြီး နစ်နာကြေး ဒေါ်လာ ၁၀ ဘီလီယံရယူလိုကြောင်း တောင်းဆိုလိုက်သည်။

ဒေါ်နယ်ထရမ့်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ၎င်းပြောကြားခဲ့သည့် မိန့်ခွန်းကို BBC သတင်းဌာနက Panorama အစီအစဉ်၌ တည်းဖြတ်ထုတ်လွှင့်မှုနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထရမ့်သည် BBC သတင်းဌာနအား ၎င်းကို အသရေဖျက်ရုံသာမက ဖလော်ရီဒါပြည်နယ်၏ ကုန်သွယ်မှုအက်ဥပဒေအား ချိုးဖောက်သည်ဟုဆိုကာ စွပ်စွဲမှုနှစ်ခုဖြင့် တစ်ခုလျှင်ဒေါ်လာ ၅ ဘီလီယံစီ နစ်နာကြေးပေးရန် တောင်းဆိုခဲ့သည်။



ဓာတ်ပုံ – deadline.com.

BBC သည် Trump: A Second Chance? ဟုအမည်ပေးထားသည့် Panorama မှတ်တမ်းရုပ်ရှင်ကို အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

BBC ၏ အဆိုပါမိန့်ခွန်းတည်းဖြတ်မှုတွင် ၎င်းအားထောက်ခံသူများကို လွှတ်တော်အဆောက်အအုံသို့ ချီတက်ရန် ပြောကြားခဲ့သည့်အပိုင်းနှင့် “ရဲရဲတောက် တိုက်ပွဲဝင်ပါ” ဟူသော အပိုင်းများပါဝင်ခဲ့သော်လည်း ၎င်းပြောကြားခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြရန် တောင်းဆိုခဲ့သည့် အပိုင်းကိုမူ ချန်လှပ်ထားခဲ့သည်။ ထိုသို့ တည်းဖြတ်မှုကြောင့် ထရမ့်က ထောက်ခံသူများကိုလွှတ်တော်အဆောက်အအုံသို့ ချီတက်ပြီး “ငရဲခန်းတစ်ခုလို တိုက်ခိုက်ပါ” ဟု တိုက်တွန်းခဲ့သည့်အလား အဓိပ္ပာယ်လွဲမှားစေခဲ့သည်ဟုဆိုကာ ထရမ့်က BBC ကို စွပ်စွဲထားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မိန့်ခွန်းတည်းဖြတ်ရာတွင် အမှားအယွင်းရှိခဲ့ကြောင်း BBC က ဝန်ခံကာ ဒေါ်နယ်ထရမ့်အား တောင်းပန်ထားပြီးဖြစ်သည်။ ဖြစ်စဉ်ကြောင့် BBC သတင်းဌာန ညွှန်ကြားရေးမှူးချုပ် Tim Davie နှင့် အကြီးအကဲ Deborah Turness တို့ နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

*ကိုတင့်*





ဓာတ်ပုံ – hepmag.com

# အသည်းရောင်ရောဂါစီပိုး ရှိ၊ မရှိ အချိန်တိုဖြင့် ဖော်ထုတ်ပေးနိုင်တော့မည်

အမေရိကန်နိုင်ငံ နေ့ဘ်ဝက်စ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသည်းရောင်ရောဂါစီပိုး ကူးစက်ခံထားရခြင်း ရှိ၊ မရှိကို အချိန်တိုအတွင်း ဖော်ထုတ်ပေးနိုင်မည့် ရောဂါစစ်ဆေးနည်းတစ်မျိုး ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

ယခု ရောဂါပိုးစစ်ဆေးနည်းသည် အသည်းရောင် ရောဂါစီပိုး ရှိ၊ မရှိကို ၁၅ မိနစ်အတွင်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ အသည်းရောင်ရောဂါစီပိုး ရှိ၊ မရှိ တစ်ထိုင်တည်းဖော်ထုတ်နိုင်ပြီး အမြန်ဆုံးကုသမှု စတင်ပေးနိုင်မည်ဖြစ်၍ အသည်းရောင်ရောဂါစီပိုးပြဿနာကို ကိုင်တွယ်ရာတွင် များစွာ အထောက်အကူပေးနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ဆိုသည်။

ရောဂါစစ်ဆေးနည်းသည် လက်ရှိအသုံးပြုနေသော အသည်းရောင်ရောဂါစီပိုးစစ်ဆေးနည်းများထက် ရောဂါကို ရှာဖွေရာတွင် ၇၅ ရာခိုင်နှုန်း ပို၍ မြန်ဆန်မည်ဖြစ်သည်။

ယခုစမ်းသပ်ဆေးသည် ကမ္ဘာ့ဆေးပညာလောက၏ အောင်မြင်မှုတစ်ခုဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင်ရောဂါစီပိုးကို ဖယ်ရှားနိုင်မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

*ကျော်ကျော်*

